အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၃၈)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖိလစ်ပိုင်သမ္မတနိုင်ငံစစ်သံမှူးအား ဇေယျာသီရိဗိမာန်၌လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Col. Pedro Ramon L.Sinajon, Jr. အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Col. Pedro Ramon L. Sinajon, Jr. အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။(အပေါ်ပုံ)**နှင့် လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ) **(သတင်းစဉ်)**



နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံအစုအဖွဲ့များ အစည်းအဝေးဆက်လက်ကျင်းပ

ကဏ္ဍအလိုက်အကြံပြုစာတမ်းများ ဖတ်ကြားဆွေးနွေးညှိနှိုင်း

ရန်ကုန် မေ ၂၇

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၂၈ ရက်)

ဒေသလိုအပ်ချက်များ လက်တွေ့အကောင်အထည်ဖော် ဈေးကွက်ဝင်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်း

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးသည် အဓိကကျပေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းစေရေးကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ဒေသဝမ်းစာဖူလုံစေရေးအပြင် ဒေသတွင်း ဖြစ်ထွန်းနိုင်မည့် ဈေးကွက်ဝင် သီးနှံများဖြစ်သည့် လက်ဖက်၊ ကော်ဖီစသည့် သီးနှံများကို တစ်ကွင်းတစ်စပ်တည်းသော စိုက်ခင်းကြီးများ ထူထောင်ပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မေလ ၂၄ ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌-

"ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သော စိုက်ပျိုးရေးကဏ္ဍတွင် ဒေသတွင်းဖြစ်ထွန်းနိုင်သည့် ဈေးကွက်ဝင်သီးနှံများကို ရွေးချယ်သတ်မှတ်ပြီး စီးပွားဖြစ်စိုက်ပျိုးသွားကြရန် ဌာနဆိုင်ရာများက ဦးဆောင်မှုပေး စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်ပေးခြင်း စသည့် ပံ့ပိုးကူညီမှုများဖြင့် တောင်သူများ လုပ်ချင်ကိုင်ချင်စိတ်ရှိလာအောင် ဌာနဆိုင်ရာတာဝန်ရှိသူများက စံနမူနာပြ လုပ်ကိုင်ပြကြရန်လိုကြောင်း"

ပြောကြားသွားသည်။

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအောင်မြင်ဖြစ်ထွန်းရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတွင် အဓိကကျပေသည်။

နိုင်ငံတော်က မြို့နယ်အဆင့်တွင် စနစ်ကျနသည့် အုပ်ချုပ်ရေးယန္တရားတစ်ရပ် ထူထောင်ပေးထားပြီးဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံတွင် ဌာနဆိုင်ရာများကို စုံစုံညီညီဖွဲ့စည်းထားရှိပြီးလည်း ဖြစ်သည်။

ဤကဲ့သို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးယန္တရားကို နိုင်ငံတော်အစိုးရက အင်္ဂါရပ် စုံစုံညီညီဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက အုပ်ချုပ်ရေးယန္တရား မှန်ကန်ချောမွေ့စွာ လည်ပတ်နိုင်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့စည်ပင်သာယာရေးကဏ္ဍ အသီးသီးတွင် လုပ်ငန်းအလိုက်ဖွဲ့စည်းထားသည့် ကော်မတီများကို သက်ဝင်လှုပ်ရှားစေလျက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ကျေးလက်နေပြည်သူတို့နှင့် ထိတွေ့ကာ ဒေသအလိုက် လိုအပ်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်နှင့်အညီ လက်တွေ့ကျကျ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများအပိုင်းကလည်း ဒေသ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေး အတွက် ဈေးကွက်ဝင်သီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မေ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဒေါက်တာစန်းဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက် သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ရာသီဥတု

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

တကောင်းမြို့ဟောင်းနှင့် ယဉ်ကျေးမှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် မေ ၂၂ ရက် နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တကောင်းမြို့သို့ရောက်ရှိပြီး ကိုးပင်ရွာအရှေ့ဘက် ရှစ်မိုင်ခန့်အကွာရှိ ရဟန္တာဓာတ်တော်တွေ့ရှိရာနေရာကို ကြည့်ရှုကာ အနီးရှိ ရေပူရေအေးထွက်ရှိသော နေရာကိုလည်း လေ့လာကြည့်ရှုသည်။

ဝန်ကြီးသည် မေ ၂၃ ရက်နံနက်ပိုင်းတွင် တကောင်းမြို့ လေးမျက်နှာဘုရားအနီးရှိ ဘုန်းတော်ကြီး ဦးသီလာစာရ ကျောင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်အတူ လေးမျက်နှာဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများအား တကောင်းဒေသကို Monument Zone, Archaeological Zone, Protection Zoneတို့ သတ်မှတ်လျာထားချက်များကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တကောင်း လေးမျက်နှာဘုရားကြီးတူးဖော်စဉ်က တွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာသည်။ ယင်းနောက် ဝန်ကြီးသည် တကောင်းမြို့ ရှေးဟောင်းသုတေသနပြတိုက်နှင့်ရှေးဟောင်းသုတေသနရုံး တည်ဆောက်မည့်မြေနေရာတို့ကို လိုက်လံကြည့်ရှု သတ်မှတ်သည်။ ဆက်လက်၍ တကောင်း ရွှေစည်းခုံဘုရားကြီး၏ မြောက်ဘက်တွင် ရှေးဟောင်းအဆောက်အအုံတစ်ခု တူးဖော်ရာမှတွေ့ရှိသော ရုပ်တုအစိတ်အပိုင်းများ၊ တကောင်းမြို့ ရွှေမြင်တင်ကျောင်း၌ ဘုန်းတော်ကြီးများ စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများ၊ ရှေးဟောင်းဘုရားများနှင့် သက္ကရာဇ် ၇၁၆ ခုနှစ်ထိုး သတိုးမင်းဖျားကျောက်စာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မေ ၂၄ ရက် နံနက်ပိုင်းတွင် လေးမျက်နှာဘုရားကြီး ကြွခိုင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် ရွှေစည်းခုံဘုရားကြီးမြောက်ဘက် တူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဝန်ကြီးသည် ရွှေဘိုမြို့ရှိ ပြုပြင်ပြီးလုပ်ငန်း၊ ရွှေစေတီဘုရား ပြုပြင်မှုလုပ်ငန်းနှင့် အလှူရှင်ဦးတိုက်ကြီးမောင် ပြုပြင်လျက်ရှိသော ပိဋကတ်တိုက် ပြုပြင်မှုလုပ်ငန်း၊ ရွှေမုဋ္ဌောဘုရား ပြုပြင်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်ဘုရားအား ဖူးမြော်ကြည်ညိုသည်။

ဝန်ကြီးသည် မေ ၂၅ ရက်တွင် မန္တလေးတောင်ဆုတောင်းပြည့်ဘုရားအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြနန်းစံကျော် ရွှေနန်းတော်အရှေ့ဘက်ရှိ ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ကျောက်စာရုံကြီးနှစ်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ထားသော ဇနက်ပလာဆင်ဝန်မင်း မဟာမင်းထင်ကျောင်းကြီးသို့ သွားရောက်၍ ပြုပြင်ထိန်းသိမ်းထားမှုကိုစစ်ဆေးပြီး နောက်ထပ်ပြုပြင်ရမည့် အုတ်လှေကားကြီးများအား ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

သတ္တမအကြိမ် အလှူရှင်စက်ရေတွင်းဖွင့်လှစ်

ရန်ကုန် မေ ၂၇

သရက်မြို့နယ် ကိုးပင်ကျေးရွာအုပ်စု ကိုးပင်ကျေးရွာတွင် မေ ၆ ရက် နံနက် ၈ နာရီက သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပြီးစီးခဲ့သော နှစ်လက်မ x ပေ ၄၀၀ အလှူရှင် စက်ရေတွင်းကို သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးဆယ်မောင်နှင့် ကိုးပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွတ်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အဆိုပါစက်ရေတွင်းကို ရန်ကုန်မြို့ ရွှေပြည်သာနေ အလှူရှင် (မသင်းသင်းဆွေ)အား ရည်စူး၍ ဗိုလ်မှူးကြီး ဝင်းကြည်-ဒေါ်စိန်စိန် မိသားစုက လှူဒါန်းငွေကျပ် ၅၀၀၀၀၀ဖြင့် တူးဖော်ဆောင်ရွက်ခဲ့ပြီး တစ်နာရီ ရေဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ကိုးပင်ကျေးရွာ လူထု ၄၅၉ဦးအတွက် သောက်သုံးရေ ဖူလုံစွာရရှိပြီး ဖြစ်သည်။

အခမ်းအနားသို့ သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာလူထုအင်အား ၃၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Advantages & Disadvantages of Operating a Business (အိမ်တွင်းစီးပွား)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘဏ်ကျယ်လေး"** (အပိုင်း-၂၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သိုင်းညီနောင်ငါးဖော်"** (အပိုင်း-၄)

ညောင်နှစ်ပင်မှာ ပြန်ဆုံကြရာဝယ်

တက္ကသိုလ်မြတ်သူ



အမျိုးသားညီလာခံကြီးကို ယာယီဆိုင်းငံ့ထားခဲ့ရာမှ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှစ၍ ပြန်လည်ကျင်းပနေပြီဖြစ်သည်။ မှော်ဘီမြို့နယ် ညောင်နှစ်ပင်မှ အမျိုးသား ညီလာခံ ကျင်းပမည့် အခင်းအကျင်း အပြင်အဆင်များကို ရုပ်မြင်သံကြားသတင်း၌ မြင်တွေ့လိုက်ရသည်။

၁၉၉၂ခုနှစ်တွင် အမျိုးသားညီလာခံကျင်းပရန် တည်ဆဲနိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များနှင့် နိုင်ငံတော်မှ တာဝန်ပေးအပ်သူများ ကြိုတင်ညှိနှိုင်းချိန်ကပင် အမျိုးသားညီလာခံသို့ တက်ခွင့်ရသော် ကောင်းလေစွဟု တမ်းတနေခဲ့မိသည်။

၂၄-၄-၁၉၉၂ရက်တွင်နိုင်ငံတော်က ကြေညာချက်အမှတ်(၁၁/၉၂)ကိုထုတ်ပြန်ကာ အမျိုးသားညီလာခံခေါ်ယူရေးလုပ်ငန်းကို အစပြုခဲ့သည်။

၂၈-၅-၁၉၉၂ရက်တွင်နိုင်ငံတော်က အမိန့်အမှတ်(၉/၉၂)ဖြင့် ၁၉၉၂ ခုနှစ် ဇွန်လ ၂၃ ရက် နံနက် ၈ နာရီအချိန် အလုံလမ်း သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမတွင် အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ခေါ်ယူကြေညာသည်။ ယင်းညှိနှိုင်းဆွေးပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၅ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ခြောက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သုံးဦး၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှတစ်ဦး၊ မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့မှ တစ်ဦး၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦးတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။

၂၈-၅-၁၉၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၉၂)ဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဦးဆောင် ကျင်းပရန် ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မတီနှင့် ဖိတ်ကြားထားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ၂၃-၆-၁၉၉၂ ရက်မှ စတင်ပြီး အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းခဲ့သည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၂၉ ဦးနှင့် ဆွေးနွေးညှိနှိုင်းရေး ဦးဆောင်ကော်မတီဝင် ၁၅ ဦး စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြသည်။

၃၀-၆-၁၉၉၂ ရက်၊ ၁၀-၇-၁၉၉၂ ရက်တို့တွင် ဆက်လက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲ အောင်မြင်ပြီးဆုံးသော ၁၀-၇-၁၉၉၂ ရက်တွင် ကော်မတီဥက္ကဋ္ဌက ဆွေးနွေးပွဲ ကိုယ်စားလှယ်အားလုံးကို ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။ နိုင်ငံတော်အကြီးအကဲက ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်အားပေးခဲ့သည်။ ထိုဆွေးနွေးညှိနှိုင်းပွဲ၏ ရလဒ်အဖြစ် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့၊ ကိုယ်စားလှယ်ရွေးချယ်ပုံ နည်းလမ်း များ၊ ညီလာခံဦးတည်ချက်များ သတ်မှတ်ခဲ့ကြသည်။

ကျွန်တော့်ထံသို့ ၃၀-၁၂-၁၉၉၂ ရက်တွင် အမျိုးသား ညီလာခံတွင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ဖိတ်ကြားစာပေးပို့ရရှိခဲ့သည်။ ညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ သတင်းများကို ရုပ်မြင်သံကြား၌ ကြည့်ရှုနေစဉ်က ညီလာခံတက်ခွင့်ရလျှင် ကောင်းလေစွဟု ကျွန်တော်တောင့်တခဲ့ရာ ယခုဆန္ဒ ပြည့်ဝသွားရပြီဖြစ်၍ ဝမ်းမြောက်ရသည်။ ဂုဏ်ယူမိသည်။

အမျိုးသားညီလာခံသည် နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သော နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ဆွေးနွေး ညှိနှိုင်းချမှတ်ရန်ကျင်းပသော တစ်နိုင်ငံလုံး၊ တစ်ပြည်ထောင်စုလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ညီလာခံကြီးဖြစ်ပေသည်။

လွတ်လပ်သောနိုင်ငံတစ်ခုမှ နိုင်ငံသားများသည် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ကြသူများဖြစ်သည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကား (၁) ဥပဒေပြုရေးအာဏာ၊ (၂) အုပ်ချုပ်ရေး(စီမံခန့်ခွဲရေး) အာဏာ၊ (၃) တရားစီရင်ရေးအာဏာတို့ ဖြစ်သည်။ ယင်းတို့ကို နိုင်ငံတော်အာဏာသုံးရပ်ဟူ၍လည်း သုံးနှုန်းနိုင်ကြသည်။

ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါ၊ မည်သည့်အဖွဲ့အစည်းက ပြည်သူ့ကိုယ်စားကိုင်တွယ်ကျင့်သုံးရမည်၊ နိုင်ငံသားတို့၏ပိုင်ခွင့် (နိုင်ငံသားအခွင့်အရေး)နှင့် တာဝန်များကား အဘယ်နည်း စသည်ဖြင့် အစီအစဉ်ကျနစွာရေးဆွဲထားသော ဥပဒေကြီးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်သည်။ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။ အခြားဥပဒေများ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အခြေခံဥပဒေကို ဆန့်ကျင်ဖွင့်ဆိုခြင်း မပြုရပေ။

ဤမျှအရေးပါသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အမျိုးသားညီလာခံက ပြည်ထောင်စုကြီးတစ်ခုလုံး အကျိုးရှေးရှုကာ အကောင်းဆုံး၊ အခိုင်မာဆုံး၊ အမှန်ကန်ဆုံး၊ အဖြစ်သင့်ဆုံး အခြေခံမူများ ညှိနှိုင်းချမှတ်ပေးရမည်ဖြစ်သည်။

၁၉၉၃ခုနှစ် ဇန်နဝါရီလ ၅ရက်တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကျိုက္ကဆံကွင်း တည်းခိုဆောင်များသို့ စုံစုံညီညီ ရောက်ရှိကြသည်။ ဇန်နဝါရီလ ၇ ရက်တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌက ကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်သော အခမ်းအနားကို ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ ကိုယ်စားလှယ်အားလုံး တက်ကြွရွှင်လန်းလျက်ရှိကြသည်။

ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တွင် ကိုယ်စားလှယ် ၇၀၂ ဦး ပါဝင်သည်။ အစုအဖွဲ့ရှစ်ခုမှာ (၁)နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ (၂) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ (၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ (၄) တောင်သူလယ်သမားကိုယ်စားလှယ်များ၊ (၅) အလုပ်သမားကိုယ်စားလှယ်များ၊ (၆) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ (၇) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ (၈) အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များဟူ၍ ဖြစ်သည်။ လူထုလူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားလူမျိုးစုံလင်လှသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပသောအခါ တိုင်းရင်းသားစုံကိုယ်စားလှယ်များက မိမိတို့ ရိုးရာဝတ်စုံများ ဝတ်ဆင်တက်ရောက်ကြရာ ပြည်ထောင်စုနေ့ အခမ်းအနားကြီးဟုပင် ထင်မှတ်လောက်ပေသည်။ ပါတီများ၊ ရွေးကောက်ပွဲတွင် အရွေးခံရသော ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းရင်းသား၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သောပုဂ္ဂိုလ်အစုအဖွဲ့အားလုံးတွင် တိုင်းရင်းသားစုံ ပါဝင်လေသည်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ စည်းဝေးပွဲခန်းမ၌ အမျိုးသားညီလာခံကြီး စတင်ဖွင့်လှစ်ကျင်းပသည်။ ကော်မရှင်ဥက္ကဋ္ဌ၏ ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ညီလာခံတွင် ဆွေးနွေးမည့်ခေါင်းစဉ်၊ အကြောင်းအရာနှင့် လုပ်ငန်းကော်မတီက လေ့လာစုဆောင်းရရှိထားသော စဉ်းစားဆွေးနွေးဖွယ် အချက် အလက်များ တင်ပြသည်။ ထို့နောက် ကိုယ်စားလှယ်များ ကျိုက္ကဆံကွင်း တည်းခိုဆောင်များသို့ ပြန်လာကြသည်။

ကျိုက္ကဆံကွင်းတွင် ကိုယ်စားလှယ်အိပ်ဆောင်များ၊ စုပေါင်းထမင်းစားခန်းမ၊ ဆေးရုံ၊ ဆေးခန်း၊ သက်သာအရောင်းဆိုင်၊ စားသောက်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ အဝတ်လျှော်ဆိုင်များရှိသည်။ အစု အဖွဲ့ရှစ်ခုအတွက် အစည်းအဝေးခန်းရှစ်ခုထားပေးသည်။ အစုအဖွဲ့အလိုက် အများသဘောတူရွေးထားသော သဘာပတိအဖွဲ့ဝင် ငါးဦးစီလည်းရှိသည်။

ကျွန်တော်တို့သည် ဦးစွာပထမ အခြေခံဥပဒေတွင်ပါဝင်မည့် အခန်းအလိုက် ခေါင်းစဉ်များကို အစုအဖွဲ့အတွင်း၌ ဆွေးနွေးကြသည်။

ကိုယ်စားလှယ်များသည် မိမိတို့တင်ပြလိုသမျှ စာဖြင့်ရေး သားကာ တင်ပြဖတ်ကြားဆွေးနွေးရသည်။ အချိန်အကန့် အသတ်မရှိ တင်ပြဆွေးနွေးလိုသလောက် တင်ပြခွင့်ရ၏။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြသော အကြောင်းအရာ အချက်အလက်များကို ဖြည့်စွက်သူ၊ ကန့်ကွက်သူ၊ နုတ်ပယ်သူ၊ ထောက်ခံသူ၊ မထောက်ခံသူများရှိလာ၏။ မိမိတို့ဆန္ဒသဘောထားများကို စာတမ်းရေးသားတင်ပြဆွေးနွေးကြရာ၌ သဘောထားကွဲလွဲမှု၊ ငြင်းခုန်မှုများရှိ၏။ တူညီမှုများလည်းရှိ၏။

ညီလာခံလုပ်ထုံးလုပ်နည်းများစာအုပ်ကို ကိုယ်စားလှယ်တိုင်းအားပေးထား၏။ ညီလာခံစည်းမျဉ်းများဟုဆိုနိုင်၏။ ညီလာခံ အောင်မြင်ရေး၊ စည်းကမ်းတကျရှိရေးအတွက် ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ညီလာခံတွင် အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးများတွင် ညီလာခံဦးတည်ချက် (၆)ရပ်ဘောင်အတွင်းမှ ဆွေးနွေးကြသည်။ ယင်းဦးတည်ချက် (၆)ရပ်သည် အခန်း(၁) နိုင်ငံတော်အခြေခံမူ (၁၀၄)ချက်ကို ဆွေးနွေးချမှတ်ရာ၌ ဦးတည်ချက် (၆)ရပ်ပင် ဖြစ်လာသည်။

ယင်းအမျိုးသားညီလာခံ၏ ဦးတည်ချက် (၆)ရပ်မှာ (၁) ပြည်ထောင်စု မပြိုကွဲရေး၊ (၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ (၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ (၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ (၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ဖြစ်သည်။ ထိုဦးတည်ချက် (၆)ရပ်စလုံးသည် မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာလူမျိုးတို့၏ဆန္ဒသဘောထား၊ စရိုက်လက္ခဏာတို့အရ မုချလိုအပ်သောမူများဖြစ်နေသဖြင့် ညီလာခံကိုယ်စားလှယ်များက လက်ခံကြရုံမျှမက အခြေခံမူကြီး (၁၀၄)ချက်တွင် နိုင်ငံတော် ဦးတည်ချက်မူကြီးများအဖြစ် သတ်မှတ်လက်ခံခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့သည် အစုအဖွဲ့အတွင်း၌ အစည်းအဝေး အကြိမ်ကြိမ် ကျင်းပဆွေးနွေးကြသည်။ ထို့နောက် အစုအဖွဲ့ ကိုယ်စားပြု စာတမ်း စုပေါင်းရေးသားကြသည်။ (အများနှင့် သဘောထားချင်းမတူညီသဖြင့် သီးခြားစာတမ်းရေးသားသူများလည်းရှိ၏။) အစုအဖွဲ့စာတမ်းကို အစုအဖွဲ့ စုံညီအစည်းအဝေးက အတည်ပြုပြီးလျှင် လုပ်ငန်းကော်မတီသို့ အစုအဖွဲ့ သဘာပတိ ငါးဦး၏လက်မှတ်၊ အစုအဖွဲ့ဆုံးဖြတ်ချက်တို့ဖြင့် တင်ပြ၏။ အစုအဖွဲ့အားလုံးမှ စာတမ်းများစုံလျှင် လုပ်ငန်းကော်မတီက အလုံလမ်း ခန်းမ၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ခေါ်ယူကျင်းပသည်။

စုံညီအစည်းအဝေးတွင် အစုအဖွဲ့အလိုက်၊ ပါတီအလိုက် စာတမ်းများ၊ တစ်ဦးချင်းခွဲတင်သော စာတမ်းများ ဖတ်ကြရသည်။ အချို့စာတမ်းများမှာ လက်နှိပ်စက်ဖြင့် ဖူးစကက် စာမျက်နှာတစ်ရာကျော်၊ နှစ်ရာကျော်ခန့်ရှိသည်။ စာတမ်းအားလုံးပေါင်းလျှင် စာမျက်နှာ ထောင်ပေါင်းများစွာရှိ၏။

ယင်းစုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင် ကိုးဦးက ကြီးကြပ်၏။ အစုအဖွဲ့ရှစ်ဖွဲ့မှ သဘာပတိတစ်ဦးစီ ပေါင်းရှစ်ဦး၊ လုပ်ငန်းကော်မတီမှတစ်ဦး စုစုပေါင်း သဘာပတိကိုးဦးတို့က ကြီးကြပ်ဆောင်ရွက်သည်။ စာတမ်းအားလုံးဖတ်ပြီးလျှင် ထိုစုံညီ သဘာပတိအဖွဲ့က ရုံးအဖွဲ့လူအင်အား၊ ကွန်ပျူတာ(စက်အင်အား)ဖြင့် စာတမ်းအားလုံးမှ တူညီချက်၊ ကွဲလွဲချက်များ မကြွင်းမကျန် မလစ်မဟာရအောင် ထုတ်နုတ်ယူကြ၏။ သုံးသပ်ကြ၏။ စုံညီ သဘာပတိအဖွဲ့၏ သုံးသပ်ချက် စာတမ်းရေးသားပြီးသောအခါ စုံညီတွင်ဖတ်၏။ စာတမ်းအားလုံး၊ သဘောထားအားလုံးကို အကြောင်းအကျိုး၊ အကောင်းအဆိုး သုံးသပ်ရသဖြင့် ထိုသဘာပတိအဖွဲ့ စာတမ်းသည်လည်း စာမျက်နှာ ထောင်နှင့်ချီတော့သည်။

ကိုယ်စားလှယ်တို့၏ စာတမ်းများကို ကျွန်တော်တို့စုံညီ၌ တစ်ပတ်၊ ၁၀ ရက် တစ်နေကုန် နားထောင်ရ၏။ သဘာပတိ အဖွဲ့စာတမ်းကိုလည်း လေးငါးရက်၊ တစ်ပတ်ဆိုသလို နားထောင်ရ၏။ ထို့နောက် အချိန်အတန်ကြာယူပြီး လုပ်ငန်းကော်မတီက ကော်မရှင်၏အတည်ပြုချက်ဖြင့် ထိုခေါင်းစဉ်နှင့် စပ်လျဉ်းသော အခြေခံမူများ ချမှတ်ကြေညာ၏။ ညီလာခံကို ရပ်နားရပြန်၏။ တောင်သူလယ်သမားများက စိုက်ရေးပျိုးရေး၊ အခြားကိုယ်စားလှယ်များက ဝမ်းရေးလုပ်ငန်းများအတွက် ညီလာခံ နားလိုကြ၏။ ရာသီဥတုအပေါ်လည်း မူတည်၏။

သတ်မှတ်ရက်တွင် ညီလာခံပြန်စတော့ ထိုအစီအစဉ်အတိုင်းပင် ကော်မရှင်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ယခုတစ်ကြိမ်ဆွေးနွေးရမည့် ခေါင်းစဉ်နှင့် ပတ်သက်၍ လေ့လာစုစည်းထားသမျှတင်ပြ၊ ကျွန်တော်တို့က အစုအဖွဲ့အတွင်း ဆွေးနွေး၊ စုပေါင်းစာတမ်းပြု၊ စုံညီတွင်ဖတ်၊ သဘာပတိအဖွဲ့က သုံးသပ်တင်ပြ၊ လုပ်ငန်းကော်မတီက ကော်မရှင်အတည်ပြုချက်အရ အခြေခံမူချပြီး တစ်ခါရပ်နား၏။

ဤသို့ဖြင့် ညီလာခံကြီးက အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းအလိုက်ခေါင်းစဉ် ၁၅ ခုကို တစ်ခဲနက်သတ်မှတ်နိုင်ခဲ့သည်။ အခန်း(၁)လမ်းညွှန်အခြေခံမူ (၁၀၄)ချက် ချမှတ်နိုင်၏။ နိုင်ငံတော်တည်ဆောက်ဖွဲ့စည်းပုံကို အခန်း(၂)၌ ချမှတ်ခဲ့၏။ နိုင်ငံတော်

စာမျက်နှာ ၇ ကော်လံ ၁

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့်ညီလာခံကြီး

အမျိုးသားညီလာခံသည် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ဆွေးနွေးညှိနှိုင်းချမှတ်ရန် ကျင်းပသော တစ်နိုင်ငံလုံး၊ တစ်ပြည်ထောင်စုလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ညီလာခံကြီးဖြစ်ပေသည်။

မည်သည့်နိုင်ငံကမျှ ကမ္ဘာ့ပုလိပ်ကြီးတာဝန်မယူသင့်ကြောင်း ဘုရှ်၏ရင်းနှီးသောမိတ်ဆွေဖြစ်ခဲ့သူ မက္ကဆီကိုသမ္မတပြောကြား

မက္ကဆီကိုစီးတီး မေ ၂၅

တစ်ချိန်က အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးသောအပေါင်းပါနိုင်ငံဖြစ်ခဲ့သည့် မက္ကဆီကိုနိုင်ငံ၏သမ္မတ ဗီစင်တီဖောက်စ်သည် ဝါရှင်တန်၏အီရတ်မူဝါဒကို တနင်္လာနေ့၌ ပြစ်တင်ရှုတ်ချလိုက်ပြီး မည်သည့်နိုင်ငံကမျှ ကမ္ဘာ့ပုလိပ်ကြီး တာဝန်ကို မယူသင့်ကြောင်း ပြောကြားလိုက်သည်။

အီရတ်၌ တိုးမြင့်ဖြစ်ပွားလာနေသော အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းမည့် မဟာဗျူဟာကို အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ချပြခြင်းမပြုမီ နာရီပိုင်း၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတဖောက်စ်က အီရတ်သင်ခန်းစာများသည် ရှင်းလင်းပြတ်သားကြောင်း ပြောဆိုသည်။

နိဂုံးချုပ်မည်

တစ်ဖက်သတ်ကျသော လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကမ္ဘာ့ပုလိပ်ကြီးဖြစ်လာသော မည်သည့်နိုင်ငံကိုလည်းကောင်း၊ ကမ္ဘာ့ပြဿနာများ၏ ပွဲစားများကိုလည်းကောင်း မိမိတို့နိဂုံးချုပ်ပစ်ရမည်ဟု နိုင်ငံခြားသတင်းထောက်များအား ဖောက်စ်က ပြောကြားသည်။

ကန့်ကွက်ခဲ့

သမ္မတဖောက်စ်နှင့် ဘုရှ်တို့သည် တစ်ချိန်ကရင်းနှီးသူများဖြစ်ခဲ့ကြသော်လည်း အီရတ်စစ်ပွဲဆင်နွှဲမည့်ကိစ္စတွင် အမေရိကန်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ကန့်ကွက်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးသည် အေးစက်မာကြောခဲ့သည်။ ဖောက်စ်က ကုလသမဂ္ဂကို ပိုမိုကြီးမားသော အခန်းကဏ္ဍပေးရမည်ဖြစ်ကြောင်း၊ အီရတ်တို့အား ၎င်းတို့ကံကြမ္မာ၊ ၎င်းတို့ထိန်းချုပ်ခွင့်ပေးရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေးစောင့်ကြပ်

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးတစ်နေရာတွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှု ဗြိတိန်နိုင်ငံသားသုံးပုံနှစ်ပုံက ဆန့်ကျင်ကန့်ကွက်

လန်ဒန် မေ ၂၆

အီရတ်နိုင်ငံသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ နောက်ထပ်စေလွှတ်မှုကို ဗြိတိန်နိုင်ငံသား သုံးပုံနှစ်ပုံက ဆန့်ကျင်ကန့်ကွက်ကြောင်း အင်္ဂါနေ့ကမဲဆန္ဒခံယူမှုအရ သိရသည်။ သို့ရာတွင် အကယ်၍ ဝန်ကြီးချုပ်တိုနီဘလဲ၏အစိုးရကနောက်ထပ်လွှတ်သော တပ်ဖွဲ့ဝင်များကို တာဝန်ယူလျှင် ၎င်းတပ်ဖွဲ့ဝင်များကို အခြားနိုင်ငံများ ထိန်းချုပ်သည့်နေရာသစ်များသို့ပို့မည့်အစား ဗြိတိန်အမိန့်အောက်တွင်သာ ရှိသင့်ကြောင်းကို သဘောထားစူးစမ်းလေ့လာသူများ၏ ၈၅ရာခိုင်နှုန်းက ယုံကြည်ယူဆကြသည်။

နောက်ထပ်အပိုတပ်ဖွဲ့ဝင်များ စေလွှတ်သည့် ကြေညာချက်ကို ဖယ်ရှားရန်သို့မဟုတ် တပ်ဖွဲ့ဝင်ကိန်းဂဏန်းကိုလျှော့ချရန် တိုနီဘလဲအား ဖိအားပေးမှုတိုးပွားလာသည်ကို မဲဆန္ဒပေးသူ ၁၀၀၂ဦးအား သဘောထားကောက်ယူရာတွင် တွေ့ရကြောင်း ဂါးဒီးယန်းသတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အီရတ်နိုင်ငံဆိုင်ရာ ကုလဆုံးဖြတ်ချက်ရရှိရေး လုံခြုံရေးကောင်စီစည်းဝေး

ကုလသမဂ္ဂ မေ ၂၆

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်တစ်ရပ်ရရှိရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးတစ်ရပ်ကို ယနေ့ခေါ်ယူ ကျင်းပခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ဗြိတိန်တို့ တင်ပြထားသော အဆိုပြုချက်မူကြမ်းမှ အချို့အချက်များကိုတိကျစွာရှင်းလင်းရန် လိုအပ်သကဲ့သို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဘရာဟီမီ အီရတ်မှ ပြန်ရောက်လာမှ ရှင်းလင်းရမည့် အချက်များလည်းရှိသည်။

ဘရာဟီမီသည်ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များမှာ ကူညီဆောင်ရွက်ရန် ဘဂ္ဂဒက်သို့ သွားရောက်နေခြင်းဖြစ်သည်။ **(စီအင်န်အင်န်)**

နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်တို့ကို မေ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိပ်အကျဉ်းထောင်ကိုတာဝန်ယူသော ကန်ဗိုလ်ချုပ် ရာထူးချထားပြီး တာဝန်ဝတ္တရားများရုပ်သိမ်းခံရ

ဝါရှင်တန် မေ ၂၅

အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သည့် အကျဉ်းထောင်အား တာဝန်ယူရသော အမေရိကန်ဗိုလ်ချုပ်တစ်ဦးကိုရာထူးမှချထားလိုက်ပြီး ၎င်း၏ တာဝန်ဝတ္တရားများကို ရုပ်သိမ်းလိုက်သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္လာနေ့၌ ပြောကြားသည်။

ဗိုလ်မှူးချုပ်ဂျနစ်စကာပင်စကီသည် အကျဉ်းသား အရုပ်တော်ပုံဖြစ်ချိန်ကာလတွင် အီရတ်ရှိ အမှတ် (၈၀၀) စစ်ရဲတပ်မ၏ တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး သူမ၏တာဝန်ဝတ္တရားများကိုရုပ်ဆိုင်းလိုက်သည်ဟုပင်တဂွန်အမျိုးသမီးပြောရေးဆိုခွင့်ရှိသူဒုတိယ ဗိုလ်မှူးကြီး ပါမီလာဟတ်က ပြောကြားသည်။

တရားစွဲ

ကာပင်စကီအားအီရတ်ရှိ အမေရိကန် ထိပ်တန်းတပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေးစ်က ဇန်နဝါရီ၁၇ ရက်၌ တရားဝင် သတိပေး ခဲ့ပြီးဖြစ်သည်။ တာဝန်ဝတ္တရားများရုပ်ဆိုင်းလိုက်သည့်အတွက်ကာပင်စကီသည် တပ်မှူးအဖြစ် ဆောင်ရွက်ရတော့မည် မဟုတ်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဒါရိပ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများကို မတရား နှိပ်စက်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးကို တရားစွဲဆိုထားသည်။

အပြစ်ဆို

ဗိုလ်ချုပ်အန်တိုနီယိုတာဂူဘာ၏ အစီရင်ခံစာ၌ ကာပင်စကီ၏ ဦးဆောင်မှု ညံ့ဖျင်းခြင်းကို အပြစ်ဆိုထားသည်။

ဓာတ်ပုံများတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် အကျဉ်းသားများအား ရုပ်ပိုင်းဆိုင်ရာနှင့် လိင်မှု ကိစ္စပိုင်း ဆိုင်ရာတို့တွင် မတရား နှိပ်စက်မှုများကို ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

လူငယ်များမူးယစ်ဆေးဝါးအန္တရာယ်မှကင်းရှင်းစေရေး မလေးရှားနိုင်ငံက ပညာပေးအစီအစဉ်များဆောင်ရွက်မည်

ကွာလာလမ်ပူ မေ ၂၆

ဥပဒေမဲ့ မူးယစ်ဆေးဝါးများကို လူငယ်များအနေဖြင့် ပိုပြီးသတိမူစေရန်အတွက် မူးယစ်ဆေးဝါးအလွဲသုံးစားမှုအပေါ် အကာအကွယ်ပေးနိုင်မည့်အစီအစဉ်များကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အန္တရာယ်များသော မူးယစ်ဆေးဝါးများဆိုင်ရာဘုတ်အဖွဲ့(ဒီဒီဘီ)နှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင် (ဒီအိုင်အယ်ဂျီ)တို့က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဒီအိုင်အယ်ဂျီအတွင်းရေးမှူး ဂျူလီနာက (၁၂)ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ လူငယ်ဖိုရမ်၌ပြောကြားရာတွင် အရက်၊ ဆေးရွက်ကြီး၊ ဆေးလိပ်နှင့် ဥပဒေမဲ့ မူးယစ်ဆေးဝါးများသုံးစွဲမှုကို မည်သို့ကာကွယ်ရန် လူငယ်များ သိရှိနားလည်နိုင်ရေးအတွက် ပညာရေးအကူအညီများဖြင့် အကာအကွယ်ပေးတိုက်ဖျက်ရေးကိုလည်းကောင်း၊ လေ့လာသင်ယူမှုများ၊ အုပ်စုလိုက် ပါဝင်ဆောင်ရွက်မှုများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည့် အားကစားများနှင့် စိတ်လက်ပေါ့ပါးစွာနေထိုင်မှုများကိုဆောင် ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးကင်းရှင်းသောလူနေမှုဘဝကို ရွေးချယ်နိုင် ရေးအတွက် ပိုမိုသိရှိစေရန်နှင့်အားပေးအားမြှောက်ပြုလုပ်နိုင်ရေးကို အဆိုပါလေး ရက်ကြာကျင်းပသည့်ဖိုရမ်က ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဒီအိုင်အယ်ဂျီ အတွင်းရေးမှူးနှင့်ဒီဒီဘီဥက္ကဋ္ဌဖြစ်သူလီနာကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တို့ကို အမေရိကန်ပေးမည့်အချုပ်အခြာအာဏာ အတုအယောင်ဖြစ်ကြောင်း အာရပ်ဝေဖန်ရေးသမားများက ပြောကြား

ကိုင်ရို မေ ၂၆

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းမည့်ရက်စွဲကို သတ်မှတ်ထားခြင်းမရှိသော အီရတ်အား အုပ်ချုပ်ရေးလွှဲပြောင်းပေးမည့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို တွန်းအားပေးခြင်းဖြင့် အီရတ်တွင် အတုအယောင်အချုပ်အခြာအာဏာကို ကမ်းလှမ်းထားကြောင်း အာရပ်သာမန်အရပ်သားများနှင့် ဝေဖန်ရေးသမားများက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အီရတ်၏ အဘူဂါရိုပ် အကျဉ်းထောင်ကို ဖျက်သိမ်းရန် အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အဆိုကို အာရပ်အများအပြားက ငြင်းပယ်ကြပြီး ထိုအကျဉ်းထောင်ကို ဖျက်ဆီးပစ်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စု၏ မတရားနှိပ်စက်မှုပုံရိပ်များ ပျောက်ပျက်သွားမည်မဟုတ်ကြောင်း ပြောဆိုကြသည်။ ထို့အပြင် အချို့ကလည်း ယင်းအကျဉ်းထောင်သည် ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် အထိမ်းအမှတ်အဆောက်အအုံအဖြစ် ထိန်းသိမ်းထားရှိမည်ဟု ပြောဆိုကြသည်။

တောင်းဆို

အမေရိကန်ပြည်ထောင်စုသည် ဇွန် ၃၀ ရက်၌ အီရတ်ကြားဖြတ်အစိုးရကို အုပ်ချုပ်ရေးလွှဲပေးမှုအား ထောက်ခံရန် ကုလသမဂ္ဂကို တနင်္လာနေ့၌ တောင်းဆိုလိုက်ပြီး အီရတ်နိုင်ငံ၌ လုံခြုံရေး ထိန်းသိမ်းရန်အတွက် လုပ်ငန်းအားလုံးကို အမေရိကန်တပ်ဖွဲ့ဝင်များအား ဆောင်ရွက်ခွင့်ပြုရန်လည်း အဆိုပြုလိုက်သည်။

ထိန်းချုပ်

အမေရိကန်အစိုးရသည် အီရတ်ပြည်သူများကို အတုအယောင်အချုပ်အခြာအာဏာပေးရန် စီစဉ်ထားရာ ယင်းအစီအစဉ်အရ အမေရိကန်ပြည်ထောင်စုသည် အီရတ်၌ အသွင်ကူးပြောင်းသည့် အစိုးရဖွဲ့စည်းရေးလုပ်ငန်းစဉ်ကို ထိန်းချုပ်ထားကြောင်း ကာတာ အယ်လ်ဝါတန်သတင်းစာက ရေးသားသည်။ တစ်နည်းအားဖြင့် အီရတ်တွင် အမေရိကန်သိမ်းပိုက်တပ်များ ရှိမြဲရှိမည်ဖြစ်သည်ဟု ဆိုသည်။

လုပ်မပေး

ဘုရှ်ပြောသမျှ မိမိတို့ မယုံကြည်ကြောင်း၊ အမေရိကန်တို့သည် အီရတ်တို့အတွက် ဘာတစ်ခုမျှ လုပ်မပေးကြောင်း အီရတ်ကုန်သည်တစ်ဦးဖြစ်သူ ဟေဒါမဂျစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် မေ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့များ အီရတ်၌ ရှိနေသမျှ ခုခံတွန်းလှန်မှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဟုဆို

ဘဂ္ဂဒက် မေ ၂၆

အီရတ်တို့ထံ လာမည့် ဇွန်လ ၃၀ ရက်၌ အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးသည့်တိုင်အောင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေကာ ဆုံးခန်းတိုင်ဦးမည်မဟုတ်ဟု အီရတ်တို့က ပြောဆိုလျက်ရှိကြသည်။ အမေရိကန်တပ်ဖွဲ့များ ရှိနေသေးသမျှ ပေါက်ကွဲမှုများ၊ တိုက်ခိုက်မှုများနှင့် ရန်းရင်းဆန်ခတ်မှု အခြေအနေဆိုးများ ဆက်လက်ဖြစ်ပေါ်ကာ ခုခံတွန်းလှန်မှုများလည်း ဆက်လက်ရှိနေဦးမည်ဟု ဆိုကြသည်။

နာဂျက်ဖ်မြို့၌ အင်္ဂါနေ့က တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ဘာသာရေးအဆောက်အအုံတစ်ခုကို စိန်ပြောင်းကျည် ထိမှန်ပျက်စီးခဲ့ရပြီး လူ ၁၀ ဦး ဒဏ်ရာရရှိသွားခဲ့သည်။ ကူဖာမြို့၌ ညတိုက်ပွဲများဖြစ်ပွားခဲ့ရာ အီရတ်အရပ်သားငါးဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့တွင် ဩစတြေးလျ သံတမန်အဖွဲ့ရုံးရှေ့၌ ကားဗုံးပေါက်ကွဲခဲ့ရာ လူငါးဦးဒဏ်ရာရရှိသည့်အနက် ၁၁ နှစ်သားအရွယ် ကလေးငယ်မှာ ဒဏ်ရာပြင်းထန်ခဲ့သည်။

လုပ်ကြံခံရ

ထို့အပြင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားခဲ့သည်။ နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ တာကွဲမန်ခေါင်းဆောင်တစ်ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ထို့အပြင် တူရကီနိုင်ငံသို့ ရေနံသွယ်တန်းပေးပို့သောပိုက်လိုင်း အကြမ်းဖက်ဖျက်ဆီးခံခဲ့ရသဖြင့် မီးစွဲလောင်ကျွမ်းလျက်ရှိရာ အဆိုပါပိုက်လိုင်းကို ပြန်လည်ပြင်ဆင်ရန် ၁၂ ရက်ခန့် ကြာမြင့်မည်ဖြစ်သည်။ **(စီအက်ဖ်အိုင်)**

နာဂျက်ဖ်မြို့ကို အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်များက ဆက်လက်ထိန်းချုပ်နိုင်မှုအပေါ် အောင်ပွဲခံနေသော အီရတ်ပြောက်ကျားတစ်ဦးကို မေ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

နယူးဇီလန်နိုင်ငံသား အား ကန်တို့ဖမ်းဆီးခဲ့မှု ဖမ်းဆီးရခြင်းအကြောင်းရင်း နယူးဇီလန်သိလို

ဝယ်လင်တန် မေ ၂၆

နယူးဇီလန်နိုင်ငံသားတစ်ဦးအား အီရတ်ရောက် အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားမှုကို အမေရိကန်နိုင်ငံက အဘယ်ကြောင့် မပြောဘဲနေသည်ကို နယူးဇီလန်အစိုးရက သိရှိလိုကြောင်း ပြောကြားသည်။

နယူးဇီလန်မြောက်ကျွန်းရှိ နယူးပလိုင်မောက်မှ အသက် ၂၆ နှစ်အရွယ်ရှိ အင်ဒရပ်စ်ရှာဖာသည် သူ၏မိသားစုနှင့် အဆက်အသွယ်ပြတ်ပြီး မတ်လတွင် ပျောက်ဆုံးသွားခြင်းမပြုမီ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအတွက် ဆော့ဖ်ဝဲလ်လုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန် အာဖဂန်နစ္စတန်နိုင်ငံမှ အီရတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

အဆိုပါ နယူးဇီလန်နိုင်ငံသားထံမှ အမေရိကန်ဦးဆောင်သော ပူးပေါင်းအာဏာပိုင်အဖွဲ့က ဖမ်းဆီးထားသည်ဟူသော အီးမေးလ်တစ်စောင်ကို ပြီးခဲ့သောလက သူ၏မိသားစုက လက်ခံရရှိခဲ့သည်။

၎င်းအား အီရတ်ရှိ အမေရိကန်အာဏာပိုင်များက ဖမ်းဆီးထားသည်ဟု နယူးဇီလန်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဧပြီ ၂၇ ရက်က အတည်ပြုပြောကြားခဲ့သည်။ သို့ရာတွင် ၎င်းအား အဘယ်ကြောင့် ဖမ်းဆီးထားသည်ကို မသိဟုဆိုသည်။

ရှာဖာအား အမေရိကန်တပ်ဖွဲ့ဝင်များက ထပ်ကာတလဲလဲ စိစစ်မေးမြန်းပြီး သုံးလနီးပါးမျှ ထိန်းသိမ်းခံရပြီးနောက် တနင်္လာနေ့က ပြန်လွှတ်ပေးလိုက်ကြောင်း နယူးဇီလန်ဟာရဲဒ် သတင်းစာ၌ အင်္ဂါနေ့က ရေးသားဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကားအစီး ၄၀၀၀ တင် အမ်ဗွီဟွန်ဒိုင်းသင်္ဘော စင်ကာပူ၌ နစ်မြုပ်

စင်ကာပူ မေ ၂၄

ကားအစီး ၄၀၀၀ တင်ဆောင်လာသော သင်္ဘောတစ်စင်းသည် စင်ကာပူမြို့၏တောင်ဘက်၌ ရေနံတင်သင်္ဘောတစ်စင်းနှင့် တိုက်မိပြီး နစ်မြုပ်သွားကြောင်း ဆိပ်ကမ်းတာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းတိုက်မှုကြောင့် ရေနံတင်သင်္ဘောမှရေနံများယိုဖိတ်ခြင်းမရှိသော်လည်း အမ်ဗွီဟွန်ဒိုင်းသင်္ဘောပေါ်မှ ကားအားလုံး နစ်မြုပ်သွားသည်ဟု စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပြောသည်။ အမ်အင်အေ၊ရိုက်တာ

အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မလေးရှားဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်

ကွာလာလမ်ပူ မေ ၂၆

အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များနှင့်ဒေသဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အပြင် နှစ်နိုင်ငံဆက်ဆံရေး တောင့်တင်းခိုင်မာစေရေးအတွက် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီသည် တရုတ်နိုင်ငံသို့ ပထမဆုံး အလည်အပတ်ခရီးအဖြစ်အင်္ဂါနေ့က ထွက်ခွာသွားကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမြင်ချင်းဖလှယ်

မလေးရှားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ ဖြစ်ရပ်များနှင့် ဒေသဆိုင်ရာ ကိစ္စရပ်အများအပြားအပေါ်တွင် ချစ်ခင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ရိုတ်ဟာမစ်အယ်ဘာက ကွာလာလမ်ပူမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

တိုက်ဆိုင်

မလေးရှားဝန်ကြီးချုပ် ဘာဒါဝီ၏ တရုတ်ပြည်အလည်အပတ်ခရီးစဉ်သည် တရုတ်နှင့်မလေးရှားနိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ် ၃၀ မြောက် နှစ်ပတ်လည်အချိန်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ မလေးရှားဝန်ကြီးချုပ်၏ တရုတ်ပြည်ခရီးစဉ်တွင် ဝန်ကြီးကိုးဦး၊ ပြည်နယ်ဝန်ကြီးချုပ်လေးဦးနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော်တို့ လိုက်ပါသွားကြကြောင်း အဆိုပါ မလေးရှား နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မေ ၂၆ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၉၈ ဦးရှိပြီ စစ်ပွဲစသည်မှ တိုက်ပွဲ၌ဒဏ်ရာရသူ ကန်တပ်ဖွဲ့ဝင် ၄၆၈၈ ဦးရှိ

ဘဂ္ဂဒက် မေ ၂၆

အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၃ ခုနှစ် မတ်လ၌ အမေရိကန်ဦးဆောင်ပြီး အီရတ်ကို စစ်ပွဲဆင်နွှဲခဲ့သည်မှ ၂၀၀၄ ခုနှစ် မေ ၂၆ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် ၇၉၈ ဦးရှိသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။

ယင်းသေဆုံးသူအရေအတွက်အနက် ၅၈၂ ဦးမှာ တိုက်ပွဲကြောင့် သေဆုံးခြင်းဖြစ်ပြီး ၂၁၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

မေ ၁ ရက်နောက်ပိုင်း

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ သမ္မတဂျော့ဒဗလျူဘုရှ်က အီရတ်တွင် ဆင်နွှဲသော စစ်ပွဲကြီးကို အဆုံးသတ်ခဲ့သည်။ ထိုအချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၆၀ ဦးဖြစ်သည်။

သေဆုံး

ယင်းအနက် ၄၇၃ ဦးမှာ တိုက်ပွဲကြောင့်သေဆုံးပြီး ၁၈၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။ ထို့အပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန် သုံးဦး၊ အခြားနှစ်ဦးနှင့် ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် တစ်ဦးစီသေဆုံးသည်ဟု ဆိုသည်။

ဒဏ်ရာရ

စစ်ပွဲစတင်ခဲ့သည်မှ တိုက်ပွဲ၌ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၄၆၈၈ဦးရှိကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။

(အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ဝင်များ နေ့စဉ်တိုက်ခိုက်ခံနေရ

ဘာဆာရာ မေ ၂၆

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တစ်ဝိုက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် လုံခြုံရေးတာဝန်ယူထားရကာ နေ့စဉ်အမျှ တိုက်ခိုက်ခြင်းခံနေရကြောင်း သိရသည်။

ဗြိတိန်ကင်းလှည့်တပ်ဖွဲ့ဝင်များသည် လေကြောင်းမှ အကာအကွယ်ပေးမှုဖြင့် ကင်းလှည့်နေကြရပြီး ဒေသတွင်း၌ ပုံမှန်နီးပါး ချုံခိုတိုက်ခိုက်ခြင်းခံနေရသည်။ တိုက်ခိုက်မှုများသည် ဘက်ပေါင်းစုံမှည့ပ်ကာ တိုက်ခိုက်မှုများဖြစ်သလို အဝေးမှ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းကိုလည်း ခံနေရသည်။

နေ့ဘက်တွင်သာမက ညဘက်တွင်ပါ တိုက်ခိုက်ခြင်းခံရကြောင်း၊ အမြဲတမ်း အသင့်ပြင်ထားကာ အန္တရာယ်ကို ရင်ဆိုင်နေရကြောင်း သိရသည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်မြို့ ကာမာပဟိုတယ်အနီး ကားတစ်စီးဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် မေ ၂၆

ဘဂ္ဂဒက်ရှိ ကာမာပဟိုတယ်အပြင်ဘက်တွင် ယမန်နေ့က ကားတစ်စီးပေါက်ကွဲခဲ့ရာ လူနှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ ကာမာပဟိုတယ်သည် နိုင်ငံခြားသားများ အသုံးပြုများသော ဟိုတယ်ဖြစ်ပြီး ဩစတြေးလျသံရုံး အနီး၌ရှိသည်ဟု ဆိုသည်။

ထို့ပြင် မျက်မြင်တွေ့ရှိသူများက ဖော်လူဂျာမြို့အနီး၌ အမေရိကန် စစ်ယာဉ်တန်းတစ်ခုလည်း အတိုက်ခံရကြောင်း ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုကမူ ဝေဖန်ချက် ပေးခြင်းမရှိပေ။ ထိုတိုက်ခိုက်မှုတွင် ထိခိုက်သေဆုံးမှု အတိအကျမသိရဟု ဆိုသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ယာဉ်တစ်စီးအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို မေ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်တို့အား အုပ်ချုပ်ရေးလွှဲပြောင်းရေးကိစ္စ ကန်နှင့်ဗြိတိန်တို့ သဘောထားကွဲလွဲနေ

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံ၌ ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာလွှဲပြောင်းပြီးနောက် ဆက်လက်တပ်စွဲထားမည့် တပ်ဖွဲ့ဝင်များကို အုပ်ချုပ်ရန်ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဗြိတိန်တို့အကြား သဘောထားကွဲလွဲမှုများ ပေါ်ပေါက်နေသည်။

အချုပ်အခြာအာဏာ လွှဲပြောင်းပြီးနောက် အီရတ်မှာ တပ်စွဲထားမည့် အမေရိကန်တပ်မှူးများရှိမည့် ကွပ်ကဲမှုအာဏာနှင့် အီရတ် အိမ်စောင့်အစိုးရအနေဖြင့် အမေရိကန်တပ်ဖွဲ့အပေါ် ဗီတိုအာဏာသုံးစွဲခွင့် ရှိမရှိကိစ္စရပ်တို့သည် အရေးပါသော ပြဿနာရပ်များဖြစ်သည်ဟုဆိုသည်။ အီရတ်နိုင်ငံ ဖော်လူဂျာဖြစ်ရပ်သည် အမေရိကန်တို့က တင်းမာစွာရပ်တည်လိုကြပြီး အီရတ်အုပ်ချုပ်မှု ကောင်စီဝင်များက ပျော့ပျောင်းစွာ ရပ်တည်လိုကြခြင်းဖြစ်ရာ ယခုကဲ့သို့ဖြစ်ရပ်များ ထပ်မံဖြစ်ပွားလာမည်ကို ဖြေရှင်းရမည်ဖြစ်သည်။

ပြောကြား

ဗြိတိန်တို့က အီရတ်တို့ထံ အချုပ်အခြာအာဏာ အပြည့်အဝလွှဲပြောင်းပေးလိုသော်လည်း အမေရိကန်တို့ စစ်ရေးလှုပ်ရှားမှုများမှာ ၎င်းတို့ကသာ ဆုံးဖြတ်နိုင်ခွင့်ရှိကြောင်း အခိုင်အမာ ပြောကြားနေသည်။

ထို့အပြင် အီရတ်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောင်းလဲမှုများပြုလုပ်ရန် ရည်ရွယ်ထားကာ ထိပ်တန်းရာထူးများတွင် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂျော့ကာဆေး၊ အမေရိကန် သံအမတ် ဂျွန်နီဂရိုပွန်တီနှင့် ဒုတိယဗိုလ်ချုပ်ကြီး သောမတ်စ်မစ်တို့နှင့် အစားထိုးသွားမည် ဖြစ်သည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဘာလက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးအား ဆေးကုသရန် ဆေးရုံသို့သယ်ဆောင်လာသည်ကို မေ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နေအိမ်များကို ဝင်ရောက်စီးနင်းရှာဖွေကြသော ကန်တပ်ဖွဲ့ဝင်များ အီရတ်တို့၏ ရွှေငွေကျောက်မျက်၊ ငွေကြေးနှင့်အဖိုးတန်ပစ္စည်းများခိုးယူ

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံတွင် အကျဉ်းသားများအား မတရားနှိပ်စက်သည့် အရုပ်ဆိုးပုံအပြင် အခြားအမှုကိစ္စတစ်ခုနှင့် အီရတ်တို့ နေ့စဉ်ကြုံတွေ့ခံစားနေရသည်။ ယင်းမှာ အီရတ်တို့၏နေအိမ်များကို ဝင်ရောက်စီးနင်းရှာဖွေကြသော အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့ပိုင် ငွေကြေးများ၊ ရတနာပစ္စည်းများနှင့် အခြားအဖိုးတန်ပစ္စည်းများကို ခိုးဝှက် ယူငင်နေကြခြင်းပင်ဖြစ်သည်။

အီရတ်နိုင်ငံအား သိမ်းပိုက်ထားသည့် ၁၄ လအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတစ်ဝန်း၌ ၎င်းတို့က မသင်္ကာသော အီရတ်တို့၏ အိမ်ထောင်ပေါင်းများစွာကို ဝင်ရောက်စီးနင်းရှာဖွေခဲ့ကြပြီး ငွေကြေးများ၊ ရတနာပစ္စည်းများနှင့် အခြားအဖိုးတန်ပစ္စည်းများကို ခိုးဝှက်ယူငင်ခဲ့ကြသည်။ ထိုပစ္စည်းများကို အမေရိကန်တပ်ဖွဲ့ဝင်များအား ဆန့်ကျင်တိုက်ခိုက်မှုများကို ငွေကြေးပံ့ပိုးရန်အတွက် အသုံးချနိုင်စရာရှိကြောင်း အမေရိကန်တို့က ပြောကြားခဲ့ကြသည်။

အီရတ်တွင် လူတိုင်းနီးပါးက ၎င်းတို့၏ ရွှေငွေရတနာပစ္စည်းများ၊ ငွေကြေးများနှင့် အခြားအဖိုးတန်ပစ္စည်းများ ပျောက်ဆုံးကြောင်း ပြောကြားနေကြပြီး ၎င်းတို့၏ပစ္စည်းများ ပြန်ရမည်ဟု ယုံကြည်မထားကြကြောင်း အီရတ်ရှေ့နေတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်၌ ဘဂ္ဂဒက်ရှိ အသက် ၈၀ အရွယ် မုဆိုးမဖြစ်သူ ဝါဂျီဟာဒါအွတ်၏အိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းရှာဖွေခဲ့စဉ် ပရိဘောဂများအားလုံးကို ဓားများဖြင့်မွှန်းကာ စားပွဲများ၊ ကုလားထိုင်များကို ရိုက်ချိုးဖျက်ဆီးခဲ့ကြသည်။ ပြတင်းပေါက်မှန်များကိုလည်း ရိုက်ခွဲခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်ဝန်းတွင် ဆီးချိုရောဂါသည်တိုးပွား ၂၀၂၅ ခုနှစ်၌ သန်း ၃၀၀ ခန့်ရှိလာမည်

အဘူဒါဘီ မေ ၂၆

ကမ္ဘာတစ်ဝန်းရှိ ဆီးချိုရောဂါများနှင့်ပတ်သက်၍ ကျွမ်းကျင်သူများက ပြောကြားရာတွင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် အများအပြားဖြစ်ပွားလျက်ရှိနေပြီး ၂၀၂၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါသည် သန်း ၃၀၀ ခန့်ရှိလာမည်ဖြစ်၍ သတိပေးထားကြောင်း ချာလီတိုင်းမ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းသို့ ကမ္ဘာတစ်ဝန်းနှင့် ဒေသများအတွင်း အဓိကပြဿနာဖြစ်နေသော ဆီးချိုရောဂါ လျင်မြန်စွာ ကြီးထွားခြိမ်းခြောက်ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ရင်ဆိုင်ရန် ပိုမိုလိုအပ်လျက်ရှိကြောင်း ဒူဘိုင်းရှိ ကောလိပ်ကျောင်း၌ ကျော်ကြားသည့် ဆေးဘက်ဆိုင်ရာ လက်တွေ့သမားများစုပေါင်း၍ နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးရာတွင် ကျွမ်းကျင်သူများက ပြောသည်။ ဆီးချိုရောဂါသည် အရေးပါသော ဥပါဒါန်အစွဲအလမ်းနှင့် နီးနွယ်လျက်ရှိသော နာတာရှည်ရောဂါဖြစ်ရုံသာမက ကူးစက်ရောဂါ အစိတ်အပိုင်းအဖြစ် အဓိက လူထုကျန်းမာရေးပြဿနာတစ်ရပ်လည်း ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

လန်ဒန်မြို့ မြန်မာသံအမတ်ကြီးဇနီးနှင့် ဝန်ထမ်းမိသားစု ကဆုန်လပြည့်နေ့တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၂၇

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီး ဒေါက်တာကျော်ဝင်း၊ ဇနီးဒေါ်ကြည်ကြည်တို့၏ ဦးဆောင်မှုဖြင့် မြန်မာသံရုံးဝန်ထမ်းမိသားစုတို့က လန်ဒန်မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သီရိလင်္ကာဘုန်းတော်ကြီးကျောင်းမှ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရ ဆရာတော်အပါအဝင် သံဃာတော် ၁၅ ပါးတို့အား မြန်မာသံအမတ်ကြီး နေအိမ်၌ မေ ၃ ရက် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြန်မာအသင်းကြီး(ယူကေ)မှ နာယကကြီးများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသား မြန်မာမိတ်ဆွေများ အပါအဝင် ၇၅ ဦးခန့် တက်ရောက်၍ ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူတော်ငွေ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ၊ တရားဒေသနာတော်များကို နာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာအဖွဲ့က ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၄)ကို ထုတ်ဝေဖြန့်ချိထားသည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ ကို(တက္ကသိုလ်)၊ မြင်းမူမောင်နိုင်မိုး၊ ကေတုနီလာ၊ ဓာနည်တို့၏ကဗျာများ၊ လယ်တွင်းသားစောချစ်၊ စန်းနီလာဝင်း၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မွှေးငယ်ငယ်၊ မြတ်ရည်မွန်၊ ကြည်ကြည်စိန်၊ သက်သက်သင်း(ပညာရေး)၊ နန္ဒာမိုးကြယ်၊ ဓာတ်ပုံမောင်မောင်၊ မောင်မောင်အုန်း(လယ်ဝေး)၊ ချောင်းဆုံအုန်းသွင်တို့၏ ရသမြောက်ဝတ္ထုများ၊ တက်တိုး၊ ဒေါက်တာကျော်စိန်၊ မောင်ဆုရှင်၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ လှထွန်း(တွံတေး)၊ တက္ကသိုလ်လှကြွယ်၊ ညွန့်ဟံ(ကြူတော)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ကြို့ပင်ကောက်တင်မောင်ဦးတို့၏ မှတ်ဖွယ်ဆောင်းပါး၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊သစ်ထွဏ်း၊ မောင်မောင်ညှက်တို့၏ ကာတွန်း လက်ရာများ စုံလင်စွာဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေပေါက်ကျွန်း ဘက်စုံပြုပြင်မှု အလှူငွေထည့်ဝင်နိုင်

ရန်ကုန် မေ ၂၇

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါက်ကျွန်းသာသနာပြုစခန်းတွင် နှစ်ဆန်းတစ်ရက်နေ့က လေပြင်းကျရောက်မှုကြောင့် မြတ်ဘက်ဘုရား အရံစေတီတော်တစ်ဆူ၊ ခေါင်းလောင်းတော်၊ ဆုတောင်းပြည့်ဘုရား သွားစင်္ကြံလမ်း သွပ်မိုးများ၊ ဝိဇယကာရီ ခန်းမဆောင်၊ စေတီတော်ဝင်းနှင့် ကျောင်းဝင်းအတွင်းရှိ ဝေနေယျများ ဆောက်လုပ်လှူဒါန်းထားသည့် သာသနိက အဆောက်အအုံအချို့ ပျက်စီးယိုယွင်းခဲ့ရာ ယင်းတို့အား ရွှေပေါက်ကျွန်းသာသနာပြုအဖွဲ့က ဘက်စုံပြုပြင်မွမ်းမံမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ရွှေပေါက်ကျွန်းဥပဋ္ဌာက အဖွဲ့ ရန်ကုန်တိုင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီစည်းဝေး ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (၄/၂၀၀၇)အစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် နေမျိုးဗလခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြန်မာ့လေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးချုပ်လှအောင်တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှု အခြေအနေများနှင့် ခရီးသည်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးတို့ကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများ၏ လိုအပ်ချက်များကို အစွမ်းကုန် ဖြည့်ဆည်းပေးရန်၊ ပြည်တွင်း၊ပြည်ပ လေယာဉ်စီး ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာပြည်သားသမဝါယမအရောင်းဆိုင်ဖွင့်

ရန်ကုန် မေ ၂၇

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်က အခွန်လွတ်ဈေးတွင် အရောင်းဆိုင်ဖွင့်ပွဲကို ယမန်နေ့နံနက်က ကျင်းပသည်။

ဖွင့်ပွဲသို့ အသင်းစုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ်သမဦးစီးဌာနမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ကြသည်။ **(၁၁၅)**

မေ ၁၉ ရက်က အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အကြံပေးအရာရှိ ဦးခင်မောင်တင် (မဟာဂီတ) က မွေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ ရိုးရာပန်းကနုတ်ဖော်ထားသော ကျွန်းသား ဝါးပတ္တလားတစ်စုံ၊ အရှေ့တိုင်းနှင့် အနောက်တိုင်းဆိုင်ရာ ရှားပါးသောရိုးရာတေးဂီတနှင့် ဂန္ထဝင်တေးဂီတ စီဒီချပ်များ၊ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများ၏ ရိုးရာအကများနှင့်တေးဂီတဆိုင်ရာဗီဒီယိုတိပ်ခွေများ၊စာအုပ်စာတမ်းများ လှူဒါန်းရာ ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ်ဦးတင်စိုးက လက်ခံရယူစဉ်။ (၃၂၂)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

အကြီးအကဲနှင့် စပ်ဆိုင်သော အခြေခံမူများကို အခန်း(၃)၌ ချမှတ်ခဲ့၏။ အခန်း ၄၊ ၅၊ ၆ ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအနက် ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများချမှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အခန်း ၄၊ ၅၊ ၆ တို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်အပိုင်းများကို ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် ဆွေးနွေးကြရမည်ဖြစ်သည်။

ဆွေးနွေးကြရာ၌ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြ၊ ငြင်းခုံကြ၊ ညှိနှိုင်းပြေလည်ကြနှင့် စိတ်ဝင်စားဖွယ်ကောင်း၏။ ပျော်ဖို့လည်းကောင်း၏။ ငြင်းခုံကြသည်ဆိုရာ၌ ရန်လိုမှုမပါ။ အကောင်းဆုံး၊ အမှန်ဆုံးရအောင် ငြင်းခုံဆွေးနွေး အဖြေကောင်းထုတ်ယူကြခြင်းသာ ဖြစ်သည်။

စုံညီတွင်လည်းကောင်း၊ အစုအဖွဲ့အစည်းအဝေးတွင်လည်းကောင်း ပြည်ထောင်စုခန်းမ၌ နေ့စဉ်နံနက်စာ၊ နေ့လယ်စာ၊ နေ့လယ်ကော်ဖီ၊ ညစာစားကြရာ၌လည်းကောင်း၊ ညီလာခံကွင်းမှ ဆိုင်များတွင်လည်းကောင်း၊ ကွင်းအတွင်း နံနက်စောစောနှင့် ညနေလမ်းလျှောက်ကြရာ၌လည်းကောင်း ကိုယ်စားလှယ်များ ဆုံတွေ့ခွင့်၊ ရင်းနှီးခွင့်များ ရကြသည်။ ညီလာခံနားပြီဆိုလျှင် အိမ်ပြန်ရန် ခြေသွက်ကြသော်လည်း ခင်မင်ရင်းနှီးသော ညီလာခံဆွေးနွေးဖော်၊ ဆွေးနွေးဖက်များနှင့် ခွဲခွာရဦးမှာပါကလားဟူသော အသိကြောင့် စိတ်မကောင်းဖြစ်ကြ၏။ ညီလာခံကိုယ်စားလှယ်များအတွက် တစ်ပတ်လျှင် ရုပ်ရှင်တစ်ညပြပြီး အဆို၊ အတီး၊ အက ဖျော်ဖြေမှု ညစဉ်ပုံမှန် စီစဉ်ပေးရာ အပန်းဖြေကြရ၏။

ကျွန်တော့်တွင် အစုအဖွဲ့အားလုံးမှ ရင်းနှီးခင်မင်သူ ကိုယ်စားလှယ်မိတ်ဆွေအများဆုံးရှိ၏။ အဘယ့်ကြောင့်ဟူမူ ကျွန်တော်သည် ညီလာခံကိုသူများထက်စောဝင်၊ ညီလာခံနားလျှင် နောက်ဆုံးမှ ထွက်ကြားရက် အိမ်မပြန်ဘဲ ညီလာခံတွင်အမြဲရှိသဖြင့် ကိုယ်စားလှယ်အများနှင့် ပိုမိုဆုံတွေ့ ရင်းနှီးခွင့်ရခြင်းဖြစ်သည်။ ကျွန်တော်တို့ သည် တစ်ဦးကိုတစ်ဦး ကူညီကြသည်။ ရိုင်းပင်းကြသည်။ တစ်ယောက်လိုအပ်ချက် တစ်ယောက် ကူညီကြသည်။ လမ်းလျှောက်ရင်း ဆွေးနွေး၊ အဆောင်မှာနေရင်း ဆွေးနွေး၊ ညီလာခံသက်သာ စားဆောက်ဆိုင် ထိုင်ရင်းဆွေးနွေး၊ စုံညီအစည်းအဝေးသို့အသွား ကားပေါ်၌ ဆွေးနွေးကြသည်။ သူသိလိုသမျှ ကိုယ်ကပြော၊ ကိုယ်သိလိုသမျှ သူကပြော၊ အချက်အလက်၊ အသိအကိုးအကား စာအုပ်စာတမ်း ဖလှယ်လေ့လာကြရသည်မှာလည်း များစွာအကျိုးရှိသည်။

ယခု ညောင်နှစ်ပင်တွင် ညီလာခံအခင်းအကျင်း၊ အပြင် အဆင်များမှာ ယခင်ကျိုက္ကဆံကွင်းမှာထက် ပိုမိုပြည့်စုံသည်။ ကျွန်တော်တို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အပြည့်အဝဖြင့် ညီလာခံ အောင်မြင်အောင် ပိုမိုအာရုံပြုဆွေးနွေး နိုင်ကြမည်ဟု ယုံကြည်ပါသည်။ အမျိုးသားညီလာခံ တက်ရောက်ခဲ့သော ကိုယ်စားလှယ်များ၊ ပိုမိုကျယ်ပြန့်စွာ ပါဝင်နိုင်ရန် တိုးဖြည့်ထားသော ကိုယ်စားလှယ်သစ် မိတ်ဆွေသစ်များနှင့် ဆုံနေရပြီဖြစ်၍ ကျွန်တော်စိတ်လှုပ်ရှားနေမိသည်။ ကျွန်တော်တို့ ချစ်ကြည်စွာ၊ ရွှင်လန်းစွာ၊ တက်ကြွစွာ၊ ကျန်းမာစွာ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားရေး စိတ်ဓာတ်ကိုယ်စီဖြင့် ဆုံတွေ့ကြ၊ ဆွေးနွေးကြ၊ ညှိနှိုင်းသွားကြပါစို့။ ။

နိုင်ငံတော်အစိုးရဗျာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ်၊ မေလအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) (၃၀-၅-၂၀၀၇)ရက်နေ့

၂၀၀၇ခုနှစ်၊ ဇွန်လအတွက်

(၁၃-၆-၂၀၀၇)ရက်နေ့ နှင့် (၂၇-၆-၂၀၀၇)ရက်နေ့

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိ ညီလာခံကိုယ်စားလှယ် ပါမောက္ခဌာနခွဲမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာ သိန်းညွှန့်(ညွှန့်ဝေ-ကသာ)က အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်က အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ-ကသာ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးလှမြင့်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ ဦးရှိသည့်အနက် ၅၂ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၈၆ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုသဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ-ကသာ)က အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော၊ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ်(လျှပ်စစ်)ဦးအောင်သိန်းတို့က အကြံပြုစာတမ်းများကို အသီးသီး တင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၉နာရီ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်ကဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦးရှိသည့်အနက် ၁၀၈ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ၀၈ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်က အဖွင့်အမှာစကား ပြောကြားသည်။

စာတမ်းများဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် စာတမ်းပြုစုရေးအဖွဲ့ငယ်များက အကြံပြုစာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြရာ စီးပွားရေးကဏ္ဍဆိုင်ရာစာတမ်းကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးရန်နိုင်ကလည်းကောင်း၊ စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာစာတမ်းကို ပြည်သူ့လွှတ်တော်ရုံးမှ ဒေါ်ရီရီမြင့်က လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၀နာရီ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များက စာတမ်းပြုစုရေးအဖွဲ့များ၏ တင်ပြသောကဏ္ဍအလိုက် အကြံပြုစာတမ်းများကို ဖတ်ကြားလေ့လာဆွေးနွေးညှိနှိုင်းကြပြီး သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား အကယ်ဒမီဆုရရုပ်ရှင်ဇာတ်ကားပြင့်ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက် ရှိသည်။ ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ထက်ထက်မိုးဦး၊ ရဲအောင်၊ လူမင်း၊ လှအဉ္ဇလီတင့်၊ မိုးဒီ၊ မောင့်စ်၊ တင်တင်လှတို့ ပါဝင်သရုပ်ဆောင်ကြသည့် ၂၀၀၁ ခုနှစ် အကယ်ဒမီဆုရ “ကောင်းကင်ထက်ကပန်းတစ်ပွင့်” ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

အဆိုပါအခမ်းအနားသို့ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသား ညီလာခံကျင်းပရေး စီမံ ခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော် မတီဝင်များနှင့် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင် များ၊အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များမှ သဘာပတိ အဖွဲ့ဝင် များ၊ အလှူရှင်များ တက်ရောက်ကြ သည်။

ငွေကျပ် ၆၂၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်း မွှေး ဆန်အိတ် ၅၀ နှင့် ကောက်ညှင်း ဆန်အိတ် ငါးအိတ်၊ နိုင်နိုင်အောင် ကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ Basa Fillet ငါးကီလို ၂၀၀၊ အဏ္ဏဝါစိုးမိုး ထရိတ် ဒင်းကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ Basa Fillet ငါးကီလို ၂၀၀၊ မြန်မာနိုင်ငံ ဆီ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ပဲဆီပိဿာချိန် ၂၃၂ ပိဿာ၊ မြန်မာ နိုင်ငံ ပဲ၊ နှမ်း ကုန်သည်များအသင်း က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ စားတော်ပဲငါးအိတ်၊ ပဲကြီး ငါးအိတ် နှင့် ပဲနီလေး ငါးအိတ်၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၉၂၀၀၀၀ တန်ဖိုးရှိ နိုင်ငံခြားဆေးဝါး

မနောစိတ်သာအခါက

လူ့အခွင့်အရေး ဒီမိုကရေစီ
အမည်အဓိပ္ပာယ်၊ အနက်ကျယ်၍
လူ့နယ်အကျိုး၊ သယ်ပိုးနိုင်မှု
ရည်ညွှန်းပြုလည်း၊ ယခုအခါ
ဤကမ္ဘာတွင်၊ လူလျှင်လူချင်း
ပစ်ခွင်းစိုးမိုး၊ တန်ခိုးထက်မြက်
လက်နက်ပမာ၊ သုံးစွဲလာသည်
ကောင်းတာတွေလည်း၊ ပျက်ပြီကော
သုံးစွဲသူတို့၊ ဖျက်မနော။ ။

နွယ်ချို

နိုင်ငံတော်ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်ရန် ဦးတည်လေ့ကျင့်ပေးနေ တည်ဆောက်ရေးလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်းအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့် သင်တန်း အမှတ်စဉ် (၁/၂၀၀၄)သင်တန်းများ ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ အမှတ်(၂) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်း ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လေကြောင်းရဲညွှန့်လောင်းသင်တန်း များအပြင် အခြားသင်တန်းများကို လည်း ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးလျက် ရှိကြောင်း၊ ယင်းကဲ့သို့ လေ့ကျင့်ပျိုး ထောင်ပေးရခြင်းမှာ မြန်မာလူ့ဘောင် အဖွဲ့အစည်းကို မြတ်နိုးပြီး တစ်မျိုး သားလုံး၏ အမျိုးသားအကျိုးစီးပွား ကို တန်ဖိုးထားတတ်စေရန်၊ မိမိနိုင်ငံ ကို ချစ်မြတ်နိုးပြီး အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားရေး တာဝန်ကို သိရှိနားလည်စေရန်၊ မျိုး ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တို့ဖြင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရန် အတွက် ဦးတည်လေ့ကျင့်ပေးနေခြင်း ပင်ဖြစ်ကြောင်း၊ ယခုသင်တန်းဆင်း အသင်းဝင်လူငယ်မောင်မယ်များ အနေဖြင့် သင်တန်းမှ ပို့ချလိုက်သော လေကြောင်းဘာသာရပ်ဆိုင်ရာ အသိ ပညာ၊ အတတ်ပညာနှင့် ဒေသန္တရ ဆိုင်ရာ ဗဟုသုတများကို လူငယ်များ အတွင်း ပျံ့နှံ့အောင် အသိအမြင် ဖလှယ်ခြင်းဖြင့် ဆောင်ရွက်သွားကြ ပါ၊ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် လက်တွေ့ကျကျ အသုံးချအကောင်အထည်ဖော် ဆောင် ရွက်သွားကြပါ၊ နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် ကြပါဟု ပြောကြားလိုကြောင်းဖြင့် တိုက်တွန်း ပြောကြားသွားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (လေ)ကိုယ်စား မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းမြင့်က သင်တန်းဖွင့်လှစ်မှုအခြေ အနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် ရန်ကုန်တိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးအောင်မြင့် က တန်းမြင့်နှင့် အခြေခံသင်တန်း တို့မှ သင်တန်းသား ခေါင်းဆောင် များအား သင်တန်းဆင်းလက်မှတ် များ ပေးအပ်ပြီးနောက် သင်တန်း ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင် စကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက လေကြောင်း ရဲညွှန့်လောင်း တန်းမြင့်သင်တန်းတွင် ပထမရရှိသူ မောင်ဇော်ဇော်အောင်၊ ဒုတိယရရှိသူ မောင်ဝေမင်းကို၊ တတိယရရှိသူ မောင်ထွန်းကျော်ထွေးတို့အား လည်း ကောင်း၊ မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းမြင့်က အခြေခံသင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြ သူများအားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူး တင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်က ငွေကျပ် ၂၄၀၀၀၀၀ တန်ဖိုးရှိ Basa Fillet ငါးကီလို၆၀၀၊ Skill ငါးကီလို ၃၀၀ နှင့် အမျိုးသား စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီအုပ်စုက ငွေကျပ် ၂၀၅၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေး ဆန်အိတ် ၁၅၀ နှင့် စားတော်ပဲအိတ် ၂၀၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်း အဖွဲ့ ချုပ်က ငွေကျပ် ၁၅၀၀၀၀၀ တန်ဖိုးရှိ ရေချိုပုစွန် ကီလို ၂၀၀၊ အဏ္ဏဝါ ရေလုပ်ငန်း ဦးပိုင်လီမိတက်က ငွေ ကျပ် ၁၄၀၀၀၀၀ တန်ဖိုးရှိ Black Tiger ပုစွန် ကီလို ၂၀၀၊ ပြည် ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ်က ငွေကျပ် ၁၁၇၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေး ဆန်အိတ် ၁၀၀၊ မင်းဓာနည်ကုမ္ပဏီလီမိတက်က ငွေ ကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ Basa Fillet ငါးကီလို ၃၀၀၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းက မျိုးစုံ၊ တနင်္သာရီတိုင်း ရေဖြူမြို့နယ် နဘူးလယ်ဒေသမှ တောင်သူလယ် သမား အမျိုးသားညီလာခံကိုယ်စား လှယ် ဦးမောင်လွင်နှင့် ကျေးရွာအုပ်စု ငါးစုမှ တောင်သူလယ်သမားများက ငွေကျပ် ၃၀၀၀၀၀၊ ဒါရိုက်တာ ဇွန် မောင်မောင်(အောင်တမန် ဆေးဝါး ထုတ်လုပ်ရေးမိသားစု)က ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ ဆေးထုပ် ၁၀၀၀၊ မောင်သုအောင်ကျော် (ဝါဇီကရဏ ဆေးတိုက်မိသားစု) က ငွေကျပ် ၁၉၀၀၀၀ တန်ဖိုးရှိ ဆေးထုပ် ၆၀၀ နှင့် ဓမ္မစေတီကျောက်စာ စာရွက် ၁၀၀၀၊ မြဝတီစာပေတိုက်က ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ ပြက္ခဒိန် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုး သားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လက်ခံသည်။

ထို့နောက် အလှူရှင်များကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လှူဒါန်းရ သည့်အကြောင်းကို ရှင်းလင်းပြောကြား သည်။ ယင်းနောက် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင် စကားပြန်လည်ပြော ကြားပြီး အခမ်း အနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အတွင်း ရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုး သား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များသည် အလှူရှင် များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

အမျိုးသားညီလာခံကိုဂုဏ်ပြုသော အားဖြင့်အလှူရှင်များလှူဒါန်းမှုအစုစုမှာ စုစုပေါင်း ငွေကျပ်၁၃၀၆၅၀၀၀ တန်ဖိုး ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ လှူဒါန်းသော ငွေကျပ် ၂၄၀၀၀၀၀ တန်ဖိုးရှိ Basa Fillet ငါးကီလို ၆၀၀ နှင့် Skill ငါးကီလို ၃၀၀ ကို လက်ခံ ယူစဉ်။ (သတင်းစဉ်)

စစ်တုရင်အဖွဲ့ချုပ်သို့ စစ်တုရင်နာရီနှင့် ငွေလှူဒါန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ စစ်တုရင်ပြိုင်ပွဲသုံး Digital နာရီ လေးလုံးနှင့် အဖွဲ့ချုပ်ရန်ပုံငွေအတွက် ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ ဦးဇော်ဝိတ် Managing Director (ဟန်သစ်ကုမ္ပဏီလီမိတက်)က စစ်တုရင်ပြိုင်ပွဲသုံး Digitalနာရီလေးလုံးနှင့် အဖွဲ့ချုပ်ရန်ပုံငွေအတွက် ကျပ်တစ်သိန်းတို့ကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ **(မြန်မာ့အလင်း)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၂၆ ရက်က သာကေတမြို့နယ် အထက(၁) ကျောင်းရှေ့တွင် ကျင်းပစဉ်။ (၂၅၈)

ရှေကြက်ယက်ကျောင်း ပဌာန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေကြက်ယက်ကျောင်းတိုက် ကြေးသွန်းတန်ဆောင်းအတွင်း၌ (၂၂)ကြိမ်မြောက် ပဌာန်းပူဇော်ပွဲကို (၁၃၆၆ခုနှစ် နယုန်လဆန်း ၁၁ရက်မှ ၁၅ရက်ထိ)မေ ၂၉ရက်မှ ဇွန် ၂ရက်အထိ ငါးရက်တိုင်တိုင် ဆင်နွှဲကျင်းပမည်ဖြစ်ရာ စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော် ထားကြောင်း သိရသည်။ (က–ပ)

သားငါးပွဲ ပြီး မြည်အကျိုး

အလင်းသုခဝေဌစို့

မြထိပ်တင် (ပန်းတနော်)

မမြင်မစမ်း၊ စိတ်ပင်ပန်း
ညှိုးနွမ်းနေတဲ့၊ သူ့ဘဝ၊
မရှု၍ကန်း၊ မသိကန်း
နွမ်းပါးလှတဲ့၊ သူ့ဘဝ၊
အမှောင်လွှမ်းခြုံ၊ မပြည့်စုံသည့်
လူလုံးမလှ၊ သူ့ဘဝကို
ငါတို့စွမ်းရာ
ဥစ္စာ, ပညာ, စေတနာနှင့်
အလင်းသုခ ဝေဌစို့။ ။

(တစ်)

မိမိတို့အဖွဲ့ စီးနင်းလိုက်ပါလာခဲ့သော သဃ်န်းကျွန်းမြို့ ပရိယတ္တိမဥ္ဇူစာသင်တိုက် မော်တော်ကားသည် ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ နံနက် ၅နာရီလောက်ကတည်းက ကားလမ်းပေါ်တွင် အပြေးသွားနေရပေသည်။ မျက်စိဆရာဝန်များ ချိန်းဆိုထားသော ကန်တော်ကြီးဘေးရှိ မျက်စိ အထူးကုဆေးရုံကြီးသို့ သွားရောက်ခဲ့ကြပါသည်။ မျက်စိဆရာဝန်များသည် အဆင်သင့်စောင့်မျှော်နေကြသည်ကို တွေ့ရှိရပါသည်။ ဆရာဝန်နှစ်ဦးနှင့် အတူ ဆရာတစ်ဦးပေါင်းသုံးဦးကို ကားပေါ်တင်ခဲ့ကြပြီး အလုံ ဝေဘာဂီလမ်းတွင် နေထိုင်သော မျက်စိဆရာဝန် ဒေါက်တာ စဂျေလွင်နှင့် စွဲ့မိုးမိုးအေးတို့၏ အိမ်သို့ရောက်ရှိကြပါသည်။

၎င်းတို့မိသားစုသည် ပန်းတနော်မြို့ မြတောင်ဆရာတော် အရှင်ကုမာရနှင့် အရှင်သောဘနတို့အား နံနက်ဆွမ်းကပ်လှူကြပြီး ဆရာဝန်များ၊ ကားဆရာများအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးလိုက်ကြပါသည်။ ဒေါက်တာ စဂျေလွင်သည် ဘိုကလေးသို့လိုက်ပါရန် အစီအစဉ်ရှိပါသော်လည်း ဂျပန်နိုင်ငံသို့ ပညာတော်သင် သွားရန်ရှိနေသဖြင့် မလိုက်ပါနိုင်ခဲ့ပါ။ မိမိတို့အဖွဲ့သည် ဒေါက်တာစဂျေလွင်၏ အိမ်ရှေ့မှ နံနက် ၇နာရီခန့်တွင် စတင်ထွက်ခွာလာခဲ့ကြပြီး ဘိုကလေးမြို့သို့ နံနက်၁၁နာရီတွင် ရောက်ရှိခဲ့ကြပါသည်။ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံမြို့များကိုဖြတ်ကျော်၍ မိုင်၁၀၀ကျော်ကျော် မောင်းနှင်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ ယခင်နှစ်များလောက်တော့ လမ်းမကြမ်းတော့ပါ။ အတော်များများကတော့ လမ်းချောလမ်းကောင်းများ ဖြစ်နေပါပြီ။

မိမိတို့အဖွဲ့ ဘိုကလေးမြို့ မိတ္ထီလာကျောင်းတိုက်၏ မုခ်ဦးသို့ရောက်သည်ဆိုလျှင် ကားဟွန်းကို အဆက်မပြတ်တီး၍ အသံပေးလိုက်ကြပါသည်။ ဆရာတော်များကိုယ်တော်တိုင် မုခ်ဦးသို့ထွက်၍ ကြိုဆိုတော်မူကြပါသည်။ တည်းခိုမည့် ကျောင်းဆောင်သို့ရောက်သောအခါ မိမိက ဆရာတော်များနှင့် ဆရာဝန်များအား မိတ်ဆက်ပေးခဲ့ရပါသည်။

"ဒီဆရာတော်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တ ကေလာသ၊ ဒီဆရာတော်က အောင်လှိုင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ ဒီဆရာတော်က မိတ္ထီလာဆရာတော် ဘဒ္ဒန္တဥတ္တမ ဒီဆရာတော်သုံးပါး ဦးဆောင်ပြီး မျက်စိအလှူပြုကြမှာ ဖြစ်ပါတယ်။

ဒီဆရာဝန်က ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ဒေါက်တာဦးမင်းသန်းနိုင်ဦး၊ဒီဆရာဝန်က ဒေါက်တာဦးပွင့်ဦး၊ သူက ဆရာဝန်နှစ်ဦးရဲ့ အကူဆရာပါဘုရား။

ဆရာဝန်အဖွဲ့သည် ခေတ္တအနားယူကြပြီး သူတို့တည်းခိုမည့် မြနဒီတည်းခိုဆောင်သို့ ကံ့ကော်မေတ္တာမျက်စိအထူးကု အကျိုးတော်ဆောင်အဖွဲ့နှင့် လိုက်ပါသွားခဲ့ကြပြီး ထမင်းသုံးဆောင်ကြပါသည်။ ကံ့ကော်တစ်ထောင် ဆရာတော်အမှူးပြုသော သံဃာတော်ခြောက်ပါးတို့အား ဆရာတော်၏ ရဟန်းဒါယကာ၊ ဒါယိကာမများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပါသည်။

မွန်းလွဲ ၁နာရီ အချိန်မှစ၍ ဆရာတော်များ၊ ဆရာဝန်များသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ခဲ့ကြပါသည်။ ဆေးရုံဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့၊ လူမှုကရုဏာအသင်းမှ ပုဂ္ဂိုလ်များကလည်း အဆင်သင့်စောင့်ကြိုနေကြပါသည်။ ထိုနေ့က မျက်စိရောဂါသည်များနှင့် သူတို့၏အနီးကပ်စောင့်ရှောက်ကြမည့် ပုဂ္ဂိုလ်များ စုစုပေါင်း၃၀၀၀ခန့်ဖြင့် ဆေးရုံတွင် စည်ကားနေပါသည်။

မျက်စိဆရာဝန်များ နေရာယူပြီးကြသောအခါ မျက်စိရောဂါသည်များအား တစ်ဦးချင်း၊ တစ်ဦးချင်းခေါ်ယူ၍ ရှေးဦးစွာ ဆေးရုံဆရာ ဆရာမများက အမြင်စမ်းသပ်ပေးခဲ့ကြပါသည်။ ၎င်းနောက် မျက်စိဆရာဝန်များထံသို့ ပို့ဆောင်ပေးကြရပါသည်။ မျက်စိဆရာဝန်များကလည်း မျက်စိခွဲစိတ်ကုသ၍ ရမရ သေချာစွာ စစ်ဆေးစမ်းသပ်ပေးခဲ့ကြပါသည်။ ၂၀၀၄ခုနှစ် ဧပြီ ၁ရက်နှင့် ၂ရက်တို့တွင် စစ်ဆေးစမ်းသပ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ဆရာဝန်များသည် ထိုနှစ်ရက်အတွင်း မျက်စိရောဂါသည်ပေါင်း၆၂၅ဦး အထိစမ်းသပ်ကြည့်ရှုပေးခဲ့ကြပြီး ခွဲစိတ်ကုသပေးရမည့်သူပေါင်းမှာ ၁၉၈ဦး ရှိပါသည်။ ခွဲစိတ်ကုသပေးရမည့် ရက်ကိုလည်း ဧပြီလ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်ကို သတ်မှတ်ပေးခဲ့ကြပါသည်။

ဆရာဝန်များအဖွဲ့သည် ဧပြီ ၂ရက် ညနေ ၄နာရီခန့်တွင် ကံ့ကော်တစ်ထောင်ဆရာတော်အား ရှိခိုးကန်တော့ပြီး ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။ ရန်ကုန်သို့ ည ၉နာရီကျော်ကျော်တွင် ပြန်ရောက်ခဲ့ကြပါသည်။ မိမိသည် သဃ်န်းကျွန်း ပရိယတ္တိမဥ္ဇူစာသင်တိုက်သို့ ပြန်ရောက်ပြီး ဆရာတော် အရှင်အာဒိစ္စနှင့် စကားအနည်းငယ်ပြောပြီး အိပ်ရာဝင်ခဲ့ပါသည်။ မိမိ အိပ်ရာဝင်သောအခါ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံတွင် နှစ်ရက်တိုင်တိုင် မျက်စိဒါနအလှူအတွက် လှုပ်ရှားခဲ့ပုံများကို ပြန်လည်မြင်ယောင်နေမိပါသည်။

အထူးအားဖြင့် မျက်မမြင် ခိုကိုးရာမဲ့ ငါးဦးအတွက် အလှူဒါနပြုပြီး ကုသိုလ်ယူခဲ့သည့် စေတနာရှင်ဦးလှခိုင်အား မြင်ယောင်နေမိပါသည်။ ဦးလှခိုင်သည် သူကိုယ်တိုင် မျက်မမြင်ဘဝဖြင့် နေလာခဲ့ရပြီး ဒုက္ခဆင်းရဲခံစားခဲ့ရသူဖြစ်ပါသည်။ ခိုကိုးရာမဲ့ မျက်မမြင်ဒုက္ခသည်များအား ကိုယ်ချင်းစာတရားအပြည့်အဝဖြင့် ကိုယ်တိုင်တွဲခေါ်ခဲ့ပြီး ဆရာဝန်များနှင့် ပြသပေးခဲ့ခြင်းပင်ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း ကျန်းမာရေး ကောင်းလှသည်မဟုတ်။ သို့သော်လည်း တက်ကြွသောသဒ္ဓါတရားများ၊ စေတနာများဖြင့် ပြုစုစောင့်ရှောက်လျက် ရှိနေသည်ကို တွေ့မြင်ခဲ့ရပါသည်။

(နှစ်)

ဧပြီ ၂၁ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ကထိက ဒေါက်တာဦးအောင်မြတ်စိုးနှင့် အဖွဲ့၊ ပန်းတနော်မြို့ မြမေတ္တာမျက်စိအထူးကုဆေးခန်းမှ အကူဆရာ/ဆရာမများအဖွဲ့တို့သည် ဘိုကလေးမြို့ မိတ္ထီလာကျောင်းတိုက်သို့ ရောက်ရှိခဲ့ကြပြီး မျက်စိခွဲစိတ်ခံကြရမည့် မျက်စိရောဂါသည် ၉၀အား ထပ်မံကြည့်ရှုပြီး မျက်တောင်မွေးညှပ်၊ သွေး၊ ဆီးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြပါသည်။ ခွဲစိတ်ခန်းတာဝန်ခံ ဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ကလည်း မိုက်ခရိုစကုပ်များ တပ်ဆင်လျက်ရှိပါသည်။ ကြိုတင် လုပ်ဆောင်ဖွယ်ရာများကို လုပ်ဆောင်ပေးပြီးနောက် မြနဒီတည်းခိုခန်း၌ ညစာစားသောက်ခဲ့ကြပြီး ပန်းသခင်တည်းခိုခန်း၌ ညအိပ်ခဲ့ကြပါသည်။ တည်းခိုခန်းပိုင်ရှင်များကလည်း အဖိုးအခမယူ အလှူဒါနပြုလိုက်ကြပါသည်။ သီးသန့်အိမ်များ၌လည်း တည်းခိုခဲ့ကြပါသည်။

ဧပြီ ၂၂ ရက် နံနက် ၅ နာရီတွင် ပါမောက္ခဒေါက်တာဦးစိုးညွှန့်နှင့်အဖွဲ့ ရောက်ရှိလာခဲ့ပါသည်။ နံနက်၇နာရီ ခန့်မှစတင်၍ မျက်စိရောဂါသည်များအား ခွဲစိတ်ကုသပေးခဲ့ကြပါသည်။ ဧပြီ၂၂၊ ၂၃၊ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် ဖြစ်ပါသည်။ မျက်စိခွဲစိတ်ကုသပေးခဲ့ရသူပေါင်းမှာ ၁၆၂ ဦးရှိပြီး အသေးစား ခွဲစိတ်ကုသပေးခဲ့ရသူပေါင်းမှာ၁၁ဦး ရှိပါသည်။ စုစုပေါင်း ၁၇၃ ဦးဖြစ်ပါသည်။

ဆရာဝန်များအဖွဲ့နှင့် ကံ့ကော်မေတ္တာ အကျိုးဆောင်အဖွဲ့သည် မျက်မမြင် ဒုက္ခိတဘဝမှ လွတ်မြောက်လာသူများအားကြည့်ပြီး ပြောပြ၍ မရနိုင်အောင် ဝမ်းသာပီတိများ တဖွားဖွား ဖြစ်ခဲ့ကြရပါသည်။

မျက်စိဆရာဝန်များအဖွဲ့မှာ–

ပါမောက္ခ ကထိက ဒေါက်တာဦးစိုးညွှန့်၊ ကထိက ဒေါက်တာဦးအောင်မြတ်စိုး၊ ဒေါက်တာဦးမင်းသန်းနိုင်ဦး၊ ဒေါက်တာဦးသန့်ဇင်၊ ဒေါက်တာဦးကျော်ဇောဝင်း၊ ဒေါက်တာဦးပွင့်ဦး၊ ဒေါက်တာဒေါ်အေးအေးသွင်၊ ဒေါက်တာဒေါ်တင်မိုးကြည်၊ ဆရာမ ဒေါ်အေးအေးမြင့်၊ ဆရာမ ဒေါ်မြင့်မြင့်ထူး၊ ဆရာမ ဒေါ်လွယ်ကပေါ်၊ ဆရာမ ဒေါ်ကြည်ကြည်အေး(ပန်းတနော်)၊ ဆရာမ ဒေါ်အေးပုံ (ပန်းတနော်)၊ ခွဲစိတ်ပစ္စည်းပေါင်း မန်းရေဘော် (ပန်းတနော်)တို့ဖြစ်ကြပါသည်။

ဆရာဝန်များ အဖွဲ့သည် ရာသီဥတု၏ အပူဒဏ်ကို ဂရုမထားနိုင်ဘဲ နံနက်၆နာရီခန့်မှစ၍ ည ၈နာရီကျော်ကျော်အထိ ခွဲစိတ်ကုသပေးခဲ့ကြခြင်းဖြစ်ပါသည်။ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဆရာ ဆရာမများ၊ သန့်ရှင်းရေးလုပ်သားများ၊ ကြက်ခြေနီအဖွဲ့၊ လူမှုကရုဏာအသင်း၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများ၊ ကံ့ကော်မေတ္တာ မျက်စိအထူးကုအကျိုးဆောင်အဖွဲ့နှင့် စေတနာရှင်များကလည်း အားတက်သရော ရွှင်ရွှင်လန်းလန်းဖြင့် အကူအညီပေးခဲ့ကြပါသည်။

ရန်ကုန်မြို့မှ စေတနာရှင်များကလည်း ဆရာဝန်များနှင့် ပေးပို့လှူဒါန်းလိုက်ကြပါသေးသည်–

၁။	မေတ္တာဦးမျက်စိအထူးကုဆေးခန်းမှ ဆေးပစ္စည်းအပြည့်အစုံ	–	ကျပ် ၇၀၀၀၀၀
၂။	အယ်လ်ကွန်းဆေးကုမ္ပဏီမှ ဆေးမျက်စဉ်း	–	ကျပ် ၁၈၀၀၀၀
၃။	စီဗာဗွီးရှင်း ဆေးကုမ္ပဏီမှ ဆေးမျက်စဉ်း	–	ကျပ် ၇၀၀၀၀
၄။	စီပလာဆေးကုမ္ပဏီမှ ဆေးမျက်စဉ်း	–	ကျပ် ၅၀၀၀၀

တန်ဖိုးရှိသော ဆေးပစ္စည်းအပြည့်အစုံတို့ကို လှူဒါန်းလိုက်ကြပါသည်။ ကံ့ကော်တစ်ထောင်ဆရာတော်နှင့်အဖွဲ့ကလည်း လွန်စွာဝမ်းမြောက် ဝမ်းသာဖြစ်ခဲ့ကြရပါသည်။ လိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်ဂုဏ်ပြုလွှာကိုလည်း ဆရာဝန်ကြီးများမှတစ်ဆင့် ပေးပို့ခဲ့ကြပါသည်။ ဘိုကလေးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်၈၃နေ ဦးလှခိုင်–ဒေါ်တင်လှ၊ သား ကိုဝင်းလှိုင်၊ သမီး မတင်တင်မြင့် မိသားစုတို့ကလည်း ဆင်းရဲသူ ခိုကိုးရာမဲ့သူ လေးဦးအတွက် ကျပ် ၁၂၀၀၀၀ လှူဒါန်းခဲ့ကြပါသည်။ အာဂစေတနာရှင် မိသားစုပင် မဟုတ်ပါလား။ သီးသန့် စေတနာရှင် အလှူရှင်များကလည်း ကျပ် ၅၀၀၀မှ ကျပ် ၃၀၀၀၀အထိ ကံ့ကော်တစ်ထောင်ဆရာတော်မှ တစ်ဆင့် လှူဒါန်းခဲ့ကြပါသည်။

သူတို့ သူတို့၏ စေတနာ၊ မေတ္တာတို့ကြောင့် မျက်စိရောဂါသည်များ မျက်မမြင် ဒုက္ခိတဘဝမှ လွတ်မြောက်ခဲ့ကြပြီ မဟုတ်ပါလော။ အလင်းရောင်ချမ်းသာကို ခံစားခဲ့ကြရပြီ မဟုတ်ပါလော။ စေတနာ၊ မေတ္တာအပြည့်အဝရှိကြသော မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကေလာသနှင့်ကံ့ကော်မေတ္တာမျက်စိ အထူးကုအကျိုးဆောင်အဖွဲ့၊ မျက်စိဆရာဝန်ကြီးများအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့၊ကြက်ခြေနီအဖွဲ့၊ လူမှုကရုဏာအသင်းအဖွဲ့၊ အာဏာပိုင်အဖွဲ့ စသည် စသည် တို့သည် ကျေးဇူးကြီးမားလှသော ကျေးဇူးရှင်ကြီးများပင်ဖြစ်ကြပါသည်။ ကျေးဇူးရှင်များအား မမေ့ကြဘဲ ကျေးဇူးဆပ်ကြဖို့ တိုက်တွန်းအပ်ပါသည်။

ဧပြီ ၂၂ နှင့်၂၃ ရက်နေ့ညများတွင် မြို့မဓမ္မာရုံဆွမ်းလောင်းအသင်းကြီးက ကမကထပြုကာ မျက်စိရောဂါသည်များအတွက် နှစ်ညတာတရားပွဲ ကျင်းပပေးခဲ့ကြပါသည်။ ပထမညတွင် ရန်ကုန်မြို့ သာကေတရှုခင်းသာမှ ဓမ္မကထိကဆရာတော် အရှင်ဝေပုလ္လ၊ ဒုတိယညတွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဒုတိယနာယကဆရာတော် အရှင်ကုမာရတို့က မျက်စိအကြောင်းနှင့်ပတ်သက်၍ တရားဓမ္မများကို ဟောကြားတော်မူခဲ့ကြပါသည်။

ကံ့ကော်တစ်ထောင် ဆရာတော်သည် ပြည်သူ့ဆေးရုံဝင်းရှိ သံဃာ့ဆေးကုသဆောင်ကို ပြန်လည်မွမ်းမံပြီး ဆေးပစ္စည်းများအတွက် ရာသက်ပန်ငွေပဒေသာပင်ကိုလည်း တစ်ပင်လျှင် ကျပ်၁၀၀၀မှ ကျပ်၁၂၀၀၀ အထိစိုက်ထူလှူဒါန်းနိုင်ကြောင်း အမိန့်ရှိတော်မူပါသည်။ မည်သူမဆို လှူဒါန်းနိုင်ကြောင်းလည်း သိရှိခဲ့ရပါသည်။

ကံ့ကော်တစ်ထောင်ဆရာတော်၏ စေတနာ၊ မေတ္တာတို့သည်ကားတိုင်းတာ၍ မရနိုင်သော စေတနာ၊ မေတ္တာတို့ဖြစ်ပါသည်။ မျက်စိခွဲစိတ်ကုသပေးပြီး နောက်တစ်နေ့ ပတ်တီးဖြေပြီး ဆေးရုံအပြင်သို့ ထွက်လာ၊ ပြန်လာကြသူများအား ဆရာတော်က "ဘယ့်နှယ်လဲ၊ မြင်ကြရရဲ့လား"ဟု စေတနာ၊ မေတ္တာအပြည့်ဖြင့် မေးမြန်းစုံစမ်း စကားပြောဆိုလိုက်သောအခါ မျက်စိရောဂါသည်များက နေကာမျက်မှန်ကို ဖြုတ်ပြီး ဆရာတော်အား–

"တပည့်တော်တို့မျက်စိမြင်ရပါပြီဘုရား၊ တစ်သက်လုံးမျက်မမြင်ဘဝနှင့် နေရတော့မယ့် တပည့်တော်ရဲ့ဘဝကို ဆရာတော်ကြီးနှင့် ဆရာဝန်ကြီးများ ကယ်တင်လိုက်လို့ အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပြီး ကျေးဇူးတင်မဆုံး ရှိလှပါတယ်ဘုရား"ဟူ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် အားပါးတရ လျှောက်ထားလိုက်ကြပါသည်။ ဆရာတော်က–

"အေး–အေး–ဝမ်းသာတော့ ဝမ်းသာပေါ့ကွယ်၊ မျက်ရည်မထွက်ကြစေနဲ့၊ မျက်ရည်ဆိုတာ ဝမ်းသာရင်လည်း ထွက်တတ်တယ်၊ ဝမ်းနည်းရင်လည်း ထွက်တတ်တယ်။ မျက်ရည်ထွက်တယ်ဆိုရင်ခွဲထားတဲ့မျက်စိ မကောင်းဖြစ်တတ်တယ်။ ဆရာဝန်ကြီးများ ညွှန်ကြားလိုက်တဲ့အတိုင်း နေထိုင်စားသောက်ကြ။ မျက်စဉ်းခတ်ပေးကြ"ဟူ၍

ကရုဏာ အပြည့်အဝရှိသော စကားများကို တဖွဖွ ပြောဆိုတော်မူလျက်ရှိပါသည်။

မိမိသည် ဆရာတော်နှင့် ဆရာဝန်ကြီးများ၊ မျက်စိအလင်းရောင်ရရှိကြသူများကို ကြည့်ပြီး မိမိ၏မျက်လုံးနှစ်ထွေမှ မျက်ရည်များပင်လိမ့်ကျ ထွက်ကျလာခဲ့ရပါသည်။ မိမိသည် မျက်မှန်ကို အသာအယာမပြီး လက်ကိုင်ပဝါဖြင့် မျက်ရည်များသုတ်ခဲ့ရပါသည်။ မိမိ၏စိတ်ထဲမှလည်း ပန်းတနော်မြို့ မြမေတ္တာမျက်စိအထူးကုဆေးခန်းမှ ထုတ်ဝေခဲ့သော အထက်ဖော်ပြပါ ကဗျာကလေးကို

စေတနာ၊ မေတ္တာတို့ကြောင့် မျက်စိရောဂါသည်များ မျက်မမြင် ဒုက္ခိတ ဘဝမှ လွတ်မြောက်ခဲ့ပြီ

သူတို့ သူတို့၏ စေတနာ၊ မေတ္တာတို့ကြောင့် မျက်စိရောဂါသည်များ မျက်မမြင် ဒုက္ခိတ ဘဝမှ လွတ်မြောက်ခဲ့ကြပြီ မဟုတ်ပါလော။ အလင်းရောင်ချမ်းသာကို ခံစားခဲ့ကြရပြီ မဟုတ်ပါလော။ စေတနာ၊ မေတ္တာအပြည့်အဝရှိကြသော မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသနှင့် ကံ့ကော်မေတ္တာမျက်စိ အထူးကု အကျိုးဆောင်အဖွဲ့၊ မျက်စိဆရာဝန်ကြီးများအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ လူမှုကရုဏာအသင်းအဖွဲ့၊ အာဏာပိုင်အဖွဲ့စသည် စသည် တို့သည် ကျေးဇူးကြီးမားလှသော ကျေးဇူးရှင်ကြီးများပင် ဖြစ်ကြပါသည်။ ။

● *ကျောဖုံးမှ*

ကဆုန်နယုန် ဆွေ့ဆွေ့ခုန်ဟူသော စာဆိုနှင့်အညီ ဆွေ့ဆွေ့ခုန်ရလောက်အောင် ပူခဲ့သော နွေအပူကား မုတ်သုံမိုးဦးကြောင့် ရုတ်ခြည်းလျော့ပါး လွင့်စင်သွားခဲ့သည်။

မုတ်သုံမိုးဦးနှင့်တွေ့ရပြီမို့ ကြာပန်းများလည်း ငွားငွားစွင့်စွင့်ပွင့်ကြပြီ။ လယ်ကွက်ထဲက ညှိုးရော်နေသော ကောက်ရိုးနွယ်နှင့် လယ်ပတူတို့လည်း မိုးကြောင့်ခေါင်းထူနိုင်ခဲ့ပြီ။ မိုးဦးစော၍ လုပ်ငန်းခွင်စောဝင်မည့် လယ်သမားဦးကြီးတို့လည်းပျော်ကြသည်။ မိုးကိုမျှော်သူတိုင်းပျော်ကြသည်။ ပျော်လိုသူတိုင်း မိုးကိုမျှော်ကြသည်။ မျှော်ရကျိုးနပ်သောမိုးပါပေ။

မိုးရိပ်မိုးငွေ့မိုးစက်တို့နှင့်အတူ ဖူးပွင့်လာသော မိုးဦးပန်း ပန်းချီပြပွဲကိုလည်း ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းတွင် ဖွင့်လှစ်ပြသဖြစ်ခဲ့သည်။ လူငယ်ပန်းချီဆရာအများစု ပါဝင်ထားသော မိုးဦးပန်း ပန်းချီပြပွဲတွင် ကားပေါင်း ၆၄ ကားပြပွဲ တင်ကြသည်။

သပြေမြင့်သိန်းက ဆီဆေးချည်း ၁၀ကားတိတိ ပြသထားသည်။ ကျော်ဆန်းသွင်က အခရိုင်းလစ်ရှစ်ကားနှင့် ဆီဆေးတစ်ကား၊ မျိုးမြင့်အောင်က ဆီဆေးနှစ်ကား၊ မာဏ်ဇာဟိန်းက ဆီဆေးခုနစ်ကား၊ စန်းအောင်က ဆီဆေးခြောက်ကား၊မင်းမောင်မောင်ရွှေက ဆီဆေးခုနစ်ကား၊ နေအောင်ရှူက ဆီဆေးရေဆေး အခရိုင်းလစ်ရောရာ ဆယ်တစ်ကား၊ ကောင်းဝေကလည်း နေအောင်ရှူနည်းတူ ခုနစ်ကား၊ ဟန်မင်းထွဏ်းက ဆီဆေးချည်း ငါးကားဖြစ်သည်။

ရေးဆွဲကြသော ပန်းချီကားအများစုမှာ မြန်မာ့ရေမြေ၊ မြန်မာ့တောတောင်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အလှ၊ မြန်မာ့သဘာဝများကိုသာ အသေးစိတ်ခြယ်မှုန်းထားကြသည်။ အနောက်ဟန်စွက်သည်ဆို၍ ဟန်မင်းထွဏ်း၏ ပဲရစ်ည ဆီဆေးကားတစ်ကားသာပါသည်။

ပဲရစ်ညနှင့်ပတ်သက်ပြီးဟန်မင်းထွဏ်းက "ကျွန်တော်ပဲရစ်ကို မရောက်ဖူးဘူး။ ဒါပေမယ့်ညတစ်ညမှာ ကျွန်တော်ပဲရစ်ကိုရောက်သွားတယ်"ဟုဆိုပါသည်။

ဟန်မင်းထွဏ်း မရောက်ဖူးသော **ပဲရစ်ညမှာ**ပီပြင်လွန်းလှသည်။ ပဲရစ်ကို ညဘက်ရောက်သွားသည့်နှယ် ခံစားရသည်။ ဟန်မင်းထွဏ်းသည် ညရှုခင်းကို အတော်ပိုင်နိုင်ပုံရသည်။ ညအမှောင်ကို အနက်ရောင်သုံးကာ လင်းချည်တစ်ခါ မှောင်ခဲ့တစ်လီ၊ မမှောင့်တစ်မှောင်၊ မလင်းတလင်း၊ မထင်မရှား၊ ဝိုးတဝါးရေးဆွဲထားပုံမှာ အရောင် ကျွမ်းကျင်နိုင်နင်းမှုကို အထင်းသားဖော်ပြနေသည်။

မျိုးမြင့်အောင်၏ **ကိုရင်ငါးပါး**မှာလည်း အသက်ဝင်လှသည်။ ဗုဒ္ဓဘုရားရှင်၏ အေးမြသော အရိပ်အာဝါသအောက်တွင် အပူအပင်မဲ့ ချမ်းမြေ့နေသော ဘုရားသားတော်လေးများ၏ ကြည်နူးမှုကကြည့်ရှုသူကိုပါ ကူးစက်လာသည်။ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ မာန်မာနဟူသမျှ ကင်းစင်ပြီး ကြည်ရွှင်ဝင်းပနေသော ကိုရင်လေးငါးပါး၏ မျက်နှာပေါ်က ဓမ္မရသမှာ အထင်းသားပေါ်လွင်နေသည်။

နေအောင်ရှူ၏ **ရွှေတိဂုံနှင့်ကန်တော်ကြီး**ဆီဆေးကားမှာ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဖြစ်သည်။ ယခုကန်တော်ကြီးနှင့် ယခင်ကန်တော်ကြီးမှာ အများကြီးကွာခြားသွားပြီ။ ယခုကန်တော်ကြီးမှာ ပျိုမျစ်သောအလှ၊ ယခင်ကန်တော်ကြီးကား အိုမင်းသောသဘာဝရုပ်သွင်။ ရွှေတိဂုံဘုရား၏အဝေးမြင်ကွင်းကို သဘာဝသစ်ပင်နှင့်ရေပြင်တို့၏ ကွဲပြားသောအလှတရားများနှင့် ပေါင်းစပ်လိုက်သောအခါ စုတ်ချက်ပီပြင်သော ဆီးဆေးကားတစ်ချပ်အဖြစ်အသက်ဝင်လာရသည်။

စန်းအောင်၏ **လှေကဗျာ**မှာလည်း ကမ်းခြေတွင်စီတန်းရပ်နားဆိုက်ကပ်ထားသော လှေငယ်များ၏ ဖွဲ့စည်းမှုအလှကို ဖော်ကျူးထားသည်။ လှေတစ်စင်းစီကို စုစည်းပြီး အစုလိုက်အဖွဲ့လိုက် တွဲစပ်ထားခြင်းကပင် ကာရန်ညီကဗျာတစ်ပုဒ် သီကုံးဖွဲ့ဆိုထားသည့်နှယ် အတွဲအစပ်ညီလှသည်။ ပန်းချီကားလေး နာမည်ပေးပုံနှင့် လိုက်ဖက်ညီလွန်းလှသည်။ လှေကဗျာတဲ့။

ကောင်းဝေ၏ **မိုးဦးပန်း**မှာ မိုးရေထဲမှ မိုးကိုမမှုသော လူသားဘဝကို ဖော်ကျူးထားသည်။



မာဏ်ဇာဟိန်း၏ 'နာဂ'မှာ တိုင်းရင်းသား သွေးချင်းညီနောင်တစ်ဦး၏ ရိုးရာဝတ်စုံပြည့်နှင့် ဘေးတိုက်တစောင်းပုံကို အလင်းအမှောင် အရောင်တို့ဖြင့် တွဲစပ်လိုက်သောအခါ ကွက်ကွက်ကွင်းကွင်း ပီပီပြင်ပြင် ရုပ်လုံးပေါ်လာသည်။
(ဓာတ်ပုံ–တက္ကသိုလ်ဟန်စိန်)

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က မြန်မာအမျိုးသမီးတစ်ဦး၏ဝတ်စား ဆင်ယင်မှုနှင့် နှစ်ပေါင်း ၅၀ ခန့်က မြန်မာအမျိုးသမီးတစ်ဦး၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု ပြောင်းလဲလာပုံကို မှတ်တမ်းတင်ထားသည်။ လာမည့် နှစ်ငါးဆယ်ကျလျှင် မြန်မာအမျိုးသမီးများမည်သို့ ဆင်ယင်ထုံးဖွဲ့ကြမည်ကို ပဟေဠိ ထုတ်ထားသည့်နှယ်။
(ဓာတ်ပုံ–တက္ကသိုလ်ဟန်စိန်)

မိုးရွာသောလမ်းပေါ်မှာ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းသွားသူများကို ကျောဘက်မြင်ကွင်းမှ ကောင်းဝေက ရေးခြယ်ထားသည်။ မိုးရေကြား လမ်းလျှောက်သွားသူများကို မပီဝိုးတဝါးလည်းမြင်ရသည်။ မထင်မရှားလည်း တွေ့ရသည်။ သက်ငြိမ်ပန်းချီကား တစ်ချပ်ပမာခံစားရသည်။
(ဓာတ်ပုံ–တက္ကသိုလ်ဟန်စိန်)

မင်းမောင်မောင်ရွှေ၏ **အမေ့ရုပ်ပုံလွှာ**နှင့် မာဏ်ဇာဟိန်း၏ **မြန်မာအမျိုးသမီး**ပန်းချီကားမှာ လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်နှင့် နှစ်၅၀ကျော်က မြန်မာအမျိုးသမီးများ၏ နိမိတ်ပုံကို အမှတ်ရစေသည်။ မြန်မာပီပီဝတ်စားဆင်ယင်ပုံ၊ တည်ကြည်လေးနက်ပုံကို အသားပေးရေးဆွဲထားသည်။ ပန်းချီပုံတွင် မြန်မာအမျိုးသမီးတို့၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်နေစိတ်ထားကိုပါ ပေါ်လွင်အောင် ဖော်ကျူးထားသည်။ ရုပ်သာမက စိတ်ကိုပါဆွဲထားသည့် ပန်းချီကားဟုဆိုက မှားမည်မထင်ပါ။

ကျော်ဆန်းသွင်၏ **ညောင်ပင်**မှာသက်တမ်းရှည်ကြာခြင်း၏ အလှတရားကို စုတ်ချက်ကြမ်းကြမ်းဖြင့် အနုစိတ်ခြယ်မှုန်းထားသည်။ ဖုထစ်ရှုတ်တွငှက်လင်းတသို့ ကုန်းမို့ထက်တွင် တစ်ပင်တည်းဟူသော အလင်္ကာမြောက် အနုပညာ လက်ရာဖြစ်သည်။

သပြေမြင့်သိန်း၏**နှစ်ပါးသွားအက**ဆီဆေးကားမှာ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာ၏ နွဲ့နှောင်းသွယ်ပျောင်းမှု၊ သိမ်မွေ့နူးညံ့မှုကို လက်ရာမြောက်စွာအသေးစိတ်ခြယ်မှုန်းတင်ပြထားသည်။ နိုင်ငံတော်က အားပေးနေသော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေကိုပန်းချီပညာဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းမည့်သူတိုင်းအတွက် ရည်ရွယ်ဟန်တူသည်။

မြန်မာမှု၊ မြန်မာ့ရနံ့တို့ဖြင့် သင်းပျံ့မွှေးထုံနေသော မိုးဦးပန်းကို မိုးသက်ရနံ့နှင့်အတူ အပြည့်အဝခံစားလိုပါလျှင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းတွင် မေ ၂၅ရက်မှ မေ ၃၁ရက်အထိ သွားရောက်ကြည့်ရှုခံစားနိုင်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကဆုန်လပြည့်နေ့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး(အငြိမ်းစားသံအမတ်ကြီး)နှင့်ဇနီး ဒေါ်ရင်ရင်မြတို့၏ (၅၅)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအလှူခံဌာန တိုးချဲ့ပြုပြင်ခြင်းအတွက် အလှူတော်ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင်(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ လက်ခံယူကြစဉ်။ (က–ပ)

နှစ်ပါးသွားအက

သပြေမြင့်သိန်း၏နှစ်ပါးသွားအကမှာ ကိုယ်နေဟန်ထား လက်အချိုးအဆစ် မျက်နှာပေးမှအစ အနုစိတ်ခြယ်မှုန်းထားသဖြင့် မြန်မာ့အနုသုခုမပညာ၏ သိမ်မွေ့နုနယ်သွယ်ပျောင်းမှုကို ထိထိမိမိဖော်ကျူးနိုင်သည်။
(ဓာတ်ပုံ–တက္ကသိုလ်ဟန်စိန်)

မြန်မာ့ပိုက်ကျော်ခြင်း အတွေ့အကြုံရှင်းလင်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးအား ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ နသန်ဘူရီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၀၄ ခုနှစ် အာရှ ဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ဝင်များ၏ အတွေ့အကြုံရှင်းလင်းတင်ပြခြင်းနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များတင်ပြခြင်း အခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၂ နာရီက အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် မန်နေဂျင်းဒါရိုက်တာ(ဒေါင်အုပ်စုကုမ္ပဏီလီမိတက်)၊ ဒုတိယဥက္ကဋ္ဌ(၁) ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်း(လူထုအားကစားနှင့်ပညာပေးဌာနခွဲ)၊ ဒုတိယဥက္ကဋ္ဌ(၂) မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်း (ILBC)နှင့် အမှုဆောင်များ၊ အာရှ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့သည့် နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် **(ဝဲပုံ)** က ပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးဉာဏ်ထွန်းက ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်မှာကြားသည်။**(မြန်မာ့အလင်း)**

အမျိုးသား ဆင်ကာကွယ်ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၇

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် Smithsonian Institution တို့ ပူးပေါင်း၍ တောဆင်ရိုင်းအန္တရာယ် ကာကွယ်ရေးနှင့် တောဆင်ရိုင်း ကာကွယ်ထိန်းသိမ်းရေးအတွက် အမျိုးသား ဆင်ကာကွယ် ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တော်ဝန်ခန်းမ၌ မေ ၂၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာများနှင့် မန်နေဂျာများ၊ Smithsonian Institution မှ သိပ္ပံပညာရှင်များ၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခနှင့် ကထိကများ၊ ပုဂ္ဂလိက ဆင်ပိုင်ရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် Smithsonian Institutionမှ အကြီးတန်း သိပ္ပံပညာရှင် Dr. Chris Wemmer တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တောဆင်ရိုင်း အန္တရာယ် ကာကွယ်ရေးနှင့် တောဆင်ရိုင်းကာကွယ် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် စာတမ်း ငါးစောင်ကိုဖတ်ကြားဆွေးနွေးကြသည်။**(သတင်းစဉ်)**

ရန်ကုန် မြောက်ပိုင်းခရိုင်၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ ရက်က မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက အမှာ စကားပြောကြားစဉ်။ (ဝ၄၆)

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ ချို့တဲ့အိုးဘွားများအား ထောက်ပံ့ငွေနှင့် တစ်ဦးချင်းအလှူရှင်များက ဆေးဝါးနှင့်အသုံးဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၅ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းနုက ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

၂၀၀၃ ခုနှစ် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုထူးချွန် ဒုတိယဆုရ မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဂုဏ်ပြုပွဲကို မေ ၂၆ ရက်က အထက (၆) ကျောင်း ခန်းမဆောင်တွင်ပြုလုပ်ရာ အလှူရှင် ဦးမောင်မောင်-ဒေါ်လှမြင့်တို့က ငွေကျပ် ၅၀၀၀၀ ကို မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါ်ငွေငွေရှိန်က လက်ခံယူစဉ်။ (၂၅၉)

S.W.A.T နှင့် Die Another Day ဇာတ်ကား နေပြည်တော်နှင့် ရှေ့ဆောင်ရုံများတွင်ဝင်လာ

ရန်ကုန် မေ ၂၇

ယခု သောကြာပတ်တွင် မြန်မာ ဇာတ်ကားသစ်များ ရုံဝင်လာခြင်း မရှိဘဲ "S.W.A.T" ဇာတ်ကားနှင့် "Die Another Day" ဂျိန်းစဘွန်းဇာတ်ကားတို့ နေပြည်တော်နှင့် ရှေ့ဆောင်ရုံများတွင် ဝင်လာသည်။

ဒါရိုက်တာ Clark Johnson ရိုက်ကူးပြီး Colin Farrell, Samuel L. Jackson တို့ပါဝင်သရုပ်ထားသော S.W.A.T ဇာတ်ကားနေပြည်တော် အဆင့်မြင့်ရုံတွင် ရုံဝင်လာသည်။

S.W.A.T အမေရိကန် ရဲကွန်မန်ဒိုတပ်ဖွဲ့ဝင်များ၏ စွန့်စွန့်စားစား ဆောင်ရွက်ပုံကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ပြင်သစ်နိုင်ငံမှ မူးယစ်ဆေးအပါအဝင် ဒုစရိုက်လုပ်ငန်းများဖြင့် သန်းပေါင်းများစွာ ချမ်းသာသော အဲလက်ဇ်။ အမေရိကန်နိုင်ငံကို ပတ်စ်ပို့အတုနှင့် ဝင်ရောက်လာပြီး အမေရိကန်ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်း ခံထားရသူ။ အဲလက်ဇ်က သူ့ကို

S.W.A.T ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ရုပ်ရှင်သတင်းထောက်

ထောင်မှ လွတ်မြောက်ရန် ကြိုးပမ်းပေးပါက ဆုငွေ ပေးမည်ဟု ရုပ်မြင်သံကြား အစီအစဉ်တစ်ခုမှ ပြောလိုက်သဖြင့် အဲလက်ဇ်အား ပိုပြီး လုံခြုံသော ထောင်သို့ပို့ရန် စီစဉ်ရာမှ အဲလက်ဇ် လွတ်မြောက်ရေးကြိုးပမ်းသူ လူဆိုးများနှင့် S.W.A.T တပ်ဖွဲ့ဝင်များ စွန့်စွန့်စားစား တိုက်ခိုက်ပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကား တစ်ကားဖြစ်သည်။

Die Another Day ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဒါရိုက်တာ Lee Tamahori ရိုက်ကူးပြီး Pierce Brosnan, Halle Berry တို့ ပါဝင်သရုပ်ဆောင်ထားသော ဂျိန်းစဘွန်းဇာတ်ကား Die Another Day ရှေ့ဆောင်ရုံတွင် ရုံဝင်လာသည်။

Die Another Day ဇာတ်ကားတွင် ဂျိန်းစဘွန်းဇာတ်ကောင်များ၏ စရိုက်အတိုင်း တည်တည် ငြိမ်ငြိမ်ဖြင့် ထူးဆန်း ဆန်းကြယ်သော လက်နက်များ တီထွင်ပြီး သည်းထိတ်ရင်ဖို စွန့်စွန့်စားစား ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ မိမိနိုင်ငံ၏ ဆန့်ကျင်ဘက်နိုင်ငံတစ်နိုင်ငံအား ဂြိုဟ်တုရောင်ခြည်လက်နက်သုံးကာ တိုက်ခိုက် ဖျက်ဆီးရန် ကြံစည်သူများကို ဂျိန်းစဘွန်းက လိုက်လံဟန့်တား ချေမှုန်းပုံများကို သည်းထိတ်ရင်ဖို ရိုက်ကူးပြသထားသော ဇာတ်ကားဖြစ်သည်။

စတိုင်ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာရိုက်ကူးပြီး ကျော်သူ၊ လူမင်း၊ ဇာဂနာ၊ ဆုပန်ထွာတို့ ပါဝင်သရုပ်ဆောင်သော **"ဘာအရေးကြီးဆုံးလဲ"** ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

ဒါရိုက်တာကုသိုလ်ရိုက်ကူးပြီး လွင်မိုး၊ နန္ဒာလှိုင်၊ လှအဥ္ဇလီတင့်၊ ညွန့်ဝင်းနှင့် ချိုပြုံးတို့ ခေါင်းဆောင် ပါဝင်ထားသော **"ကောင်းခြင်း ခုသည် ချိန်ခါ"** ဒီဗီဒီဇာတ်ကား ရွှေဂုန်၊ နဝဒေး၊ ရွှေမန်း၊ စံပြရုံများတွင် ရုံဝင်လာသည်။

ဒါရိုက်တာ Ravi Dewan ရိုက်ကူးပြီး ဆန်ဂျေးဒတ်၊ ဆူနီးဆပ်သီး အရှတ်ရားနားတို့ ပါဝင်သရုပ်ဆောင်ထားသော Annanth ဇာတ်ကား တန်းမြင့် မြို့မရုံတွင် ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

စတိုင်-ရုပ်ရှင်ဇာတ်ကားကြီး

၁၈-၆-၂၀၀၄ နေ့ အဆင့်မြင့်ရုပ်ရှင်ရုံတွင် တင်ဆက်ပြသတော့မည့် ခေတ်ဆန်သည့် ရာဇာနေဝင်းနှင့် ယဉ်ကျေးသိမ်မွေ့သော စိုးမြတ်နန္ဒာတို့အကြောင်း ခေတ်ဆန်သည့်အိန္ဒြာကျော်ဇင်နဲ့ ရိုးသားသော လွင်မိုးတို့အကြောင်းကို လပ်ကီးဆဲဗင်းထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မိုက်တီးက ဇာဂနာ၊ မောစ့်၊ အရိုင်းဟာသ သရုပ်ဆောင်များစွာဖြင့် ရိုက်ကူးထားသည့် စတိုင်ဇာတ်ကားမှာ သေသေချာချာ ရယ်ရမည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ပေါ်တိုက မိုနာကိုကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် မေ ၂၇

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့က ဂျာမနီနိုင်ငံ ရှော်ကေး-၄ ကွင်း၌ ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီမှ ပေါ်တိုအသင်းက ပြင်သစ်မှ မိုနာကိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွား သည်။

ပေါ်တိုအသင်းအတွက် ပထမဂိုးကို ၃၈ မိနစ်တွင် အယ်လ်ဘာတိုက လည်းကောင်း၊ ဒုတိယဂိုးကို ၇၁ မိနစ်တွင် ဒေကိုကလည်းကောင်း၊ တတိယဂိုးကို ၇၅ မိနစ်တွင် အလန်နီချက်ဗ်က လည်းကောင်း သွင်းယူပေးသည်။

မိုနာကိုအသင်းက တိုက်စစ်ဖွင့်ကစားသော်လည်း ပေါ်တိုအသင်း နောက်တန်း ခြေစွမ်းပြနိုင်မှုကြောင့် ချေပဂိုးမသွင်းနိုင်ဘဲ ပေါ်တိုအသင်းက ထိုက်ထိုက်တန်တန် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးရရှိသွားခြင်း ဖြစ်သည်။

ပေါ်တူဂီမှ ပေါ်တိုအသင်းသည် ယမန်နှစ်ဘောလုံးရာသီက ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် စကော့တလန်မှ ဆဲလ်တစ်အသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ ပေါ်တိုအသင်း ချန်ပီယံလိဂ်ဖလားဆွတ်ခူး ရရှိသွားခြင်းသည် ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပေါ်တူဂီနိုင်ငံအတွက် အားတက်ဖွယ်ဖြစ်သွားစေခဲ့ရသည်။

(မြန်မာ့အလင်း)

အမျိုးသမီး ဘော်လီဘော အကောင်းဆုံး အားကစားသမားဆုရ မွန်ပြည်နယ်မှ မအေးမော်ဝင်းနှင့် အမျိုးသားအကောင်းဆုံး ဘော်လီဘောအားကစားသမားဆုရ မောင်ဝင်းဇော်သူ(မန္တလေးတိုင်း)အသင်းတို့အား ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

နဝမအကြိမ်မြောက် မီနီဘော်လီဘောပြိုင်ပွဲ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်း ဗိုလ်စွဲ

ရန်ကုန် မေ ၂၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး အသက်(၁၃)နှစ်နှင့်အောက် မီနီဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် မွန်ပြည်နယ်က ဧရာဝတီတိုင်းကို ၁၅မှတ်-၂၁မှတ်၊ ၂၅မှတ်-၁၈မှတ်၊ ၁၅မှတ်-၁၂မှတ် နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဒိုင်းကြီးကို မွန်ပြည်နယ်သို့ သယ်ဆောင်သွားသည်။ ပူးတွဲတတိယဆုကို ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်း

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော မွန်ပြည်နယ်အသင်းအား ဆုယူအပြီး အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ တွေ့ရစဉ်။

(မြန်မာ့အလင်း)

အသင်းတို့ကလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုကို မွန်ပြည်နယ်မှ မအေးမော်ဝင်းက လည်းကောင်း ဆွတ်ခူးသွားသည်။

အမျိုးသားပြိုင်ပွဲ

အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးက တနင်္သာရီကို ၂၅မှတ်-၂၀မှတ်၊ ၂၅မှတ်-၂၀မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဒိုင်းကြီးကို မန္တလေးတိုင်းသို့ သယ်ဆောင်သွားသည်။

ပူးတွဲတတိယဆုကို ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ရရှိသည်။ အမျိုးသား အကောင်းဆုံးအားကစားသမားဆုကို ဝင်းဇော်သူ(မန္တလေးတိုင်း)က ဆွတ်ခူးသွားသည်။

ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကို၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌဦးအောင်ကြည်တို့က ပေးအပ်ချီးမြှင့်သည်။

ပထမဆု ကျပ်တစ်သိန်းနှင့် တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းနှင့် ဆုတံဆိပ်ကို လည်းကောင်း၊ ပူးတွဲတတိယဆု ငွေသားကျပ်ငါးသောင်းစီနှင့် ဆုတံဆိပ်ကို လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုကို ကျပ်တစ်သောင်းစီနှင့် ဆုတံဆိပ်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ရှိသည်။ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ပဏာမမြန်မာ့ရိုးရာ လက်ဝှေ့လက်ရွေးစင်များ ဧပြီ ၂၂ ရက်မှ စတင်ပြီး လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိရာ စနစ်တကျလေ့ကျင့်မှုများနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

တွေ့ဆုံမေးမြန်းရာတွင် နည်းပြဆရာ ဦးမင်းဦး(မြို့တော်စည်ပင်)က မိမိနှင့်အတူ ရိုးရိုးထွေး(ဘားအံ)၊ ကျော်စိုး(KLN)တို့က နည်းပြဆရာများအဖြစ်တာဝန်ယူပြီး ဇူလိုင်လတွင်ကျင်းပမည့် နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် အားကစားနှင့်ကာယပညာဦးစီးဌာန၏ အစီအစဉ်ဖြင့် ဧပြီ ၂၂ ရက်မှစတင်ပြီး (သုဝဏ္ဏ)လူငယ်အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝယ်လ်တာဝိတ်တန်းနှင့် မစ်ဒယ်လ်ဝိတ်တန်းများမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်ပြီး ပဏာမ မြန်မာ့လက်ရွေးစင် လက်ဝှေ့အားကစားသမားများအဖြစ် ရွေးချယ်ထားကြောင်း၊ အားကစားသမားများအဖြစ် ဖယ်သာဝိတ်တန်းမှ ဝင်းထွန်း(သစ်တော)၊ ကျော်ဆန်း (KLN)၊ လိုက်ဝယ်လ်တာဝိတ်တန်းမှနိုင်းဝမ်းလေး(ရန်ကုန်မြို့တော်စည်ပင်)၊ ကျော်တင့်(KLN)နှင့် စောဇော်လွင် (KLN)တို့ဖြစ်ကြကြောင်း၊ မစ်ဒယ်လ်ဝိတ်တန်းတွင် ဝမ်ချိုင်း(ရန်ကုန်မြို့တော်စည်ပင်)၊ စောငမန်း (ဘားအံ)နှင့် ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ ပါဝင်ကြောင်း၊ အားကစားသမားများကို သုဝဏ္ဏရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိကြောင်း၊ မိမိအဓိကထားလေ့ကျင့်ပေးသော အားကစားသမားများမှာ သစ်တောမှ ဝင်းထွန်း၊ ရန်ကုန်မြို့တော်စည်ပင်မှ ဝမ်ချိုင်းနှင့် နိုင်းဝမ်းလေးတို့ ဖြစ်ကြောင်း၊ လေ့ကျင့်မှုအပိုင်းအနေဖြင့် ပြိုင်ပွဲဝေးကာလ၊ ပြိုင်ပွဲနီးကာလ၊ ပြိုင်ပွဲကာလဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားပြီး လေ့ကျင့်မှုများပြုလုပ်နေကြောင်း၊ ပြိုင်ပွဲဝေးကာလတွင် သက်လုံကောင်းမွန်ရန်အတွက် တာဝေးအပြေးလေ့ကျင့်မှုများကို လေ့ကျင့်ရကြောင်း၊ ပါဝါထရိန်နင်အတွက် စက်အကူအညီနှင့် လေ့ကျင့်ပြီး လက်သီးနှင့်ခြေကန်အားကောင်းရန် သဲအိတ်အကူအညီနှင့် ဖြည်းဖြည်းမှန်မှန် လေ့ကျင့်ရကြောင်း၊ ပြိုင်ပွဲနီးကာလတွင် ပြိုင်ပွဲတစ်ရပ်အနေဖြင့် စင်ပေါ်၌ ယှဉ်ပြိုင်ရကြောင်း၊ ဥပမာလာမည့် ဇွန် ၅ ရက်တွင် ဝမ်ချိုင်းနှင့်လုံးချော (မြိတ်)၌ စိန်ခေါ်ပွဲ ထိုးရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲနီးကပ်လာလျှင်လျှင်မြန်မှု (Speed) အဓိကထားပြီး လေ့ကျင့်ရကြောင်း၊ ပြိုင်ပွဲကာလတွင် မိမိအားကစားသမားများနှင့် ထိုးမည့် ပြိုင်ဘက်အခြေအနေကိုကြည့်ပြီး အားသာချက်၊အားနည်းချက်များကို ရှာထိုးရန် ညွှန်ကြားပေးရကြောင်း၊ ဝမ်ချိုင်းမှာ အခြေအနေကောင်းကြောင်း၊ ဝမ်ချိုင်းနှင့်ထိုးမည့် လုံးချော(ညောင်တုန်း)မှာ လက်ရည်တက်လာသည့် ကလေးဖြစ်ကြောင်း၊ ဝမ်ချိုင်းထက် ခြေတံလက်တံရှည်ကြောင်း၊ လုံးချောအတွက် တန်းမြင့်တက်ထိုးရသည့်အတွက် သရေကျလျှင်ပင် သူ့ဘဝအတွက် အလားအလာကောင်းကြောင်း၊ နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲအတွက် အသင့်ဖြစ်စေရန် ဝမ်ချိုင်းနှင့် လုံးချောတို့ စိန်ခေါ်ပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

ဝမ်ချိုင်း

ဝမ်ချိုင်းသည် ၁၆ နှစ်သားကတည်းက မွေထိုင်းလက်ဝှေ့စထိုးလာကြောင်း၊ ၁၉၉၆ခုနှစ် ရွှေခါးပတ်လုပွဲတွင် လိုက်မစ်ဒယ်လ်ဝိတ်တန်း၌ အောင်အောင်ထွန်းကို အလဲထိုး အနိုင်ယူပြီး ရွှေခါးပတ်ချန်ပီယံဖြစ်လာကြောင်း၊ ဝမ်ချိုင်းသည် ပွဲပေါင်း ၄၀ကျော်ထိုးခဲ့ဖူးရာ သရေပွဲပါသကဲ့သို့ ရှုံးပွဲ တစ်ပွဲသာ ရှိကြောင်း၊ နိုင်ပွဲပေါင်း ၃၀ ကျော်ရှိကြောင်း ရှင်းပြသည်။

ပံ့ပိုးမှု

စခန်းသွင်းလေ့ကျင့်မှုအပေါ် စားသောက်နေထိုင်ရေးနှင့်ပတ်သက်၍ ပံ့ပိုးမှုအပိုင်းကို ရှင်းပြရာတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက စားသောက်နေထိုင်ရေး၊ ကျန်းမာရေးအတွက် ဆေးခန်းက အစ လိုလေသေးမရှိ ပံ့ပိုးဆောင်ရွက်ပေးထားကြောင်း မြန်မာ့ အလင်းသို့ပြောကြားသည်။

နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများ အောင်မြင်မှုရရန် စခန်းဝင်လေ့ကျင့်ခြင်း၊ ပြိုင်ပွဲအတွေ့အကြုံများများရရှိရန် ပြိုင်ပွဲများကျင်းပပြီး လေ့ကျင့်ခြင်း စသည်ဖြင့် အားကြိုးမာန်တက်ဆောင်ရွက်နေကြခြင်းမှာ ကမ္ဘာတွင် မြန်မာဟေ့ဟူ၍ ကြွေးကြော်နိုင်ရန်နှင့် မြန်မာ့ရိုးရာလက်ဝှေ့နိုင်ငံတကာသို့ ပျံ့နှံ့နိုင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း စသည်ဖြင့် မြန်မာ့အလင်းသို့ အကျယ်တဝင့်ရှင်းပြသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတကာပြိုင်ပွဲအတွက် ဖယ်သာဝိတ်တန်းတွင် ယှဉ်ပြိုင်မည့် ဝင်းထွန်း (သစ်တော) ညာခြေခင်း၍ ညာခြေကန်ချက်အတွက် လေ့ကျင့်စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

စူပါသတင်းဂျာနယ် အမှတ် (၁၅)ဖြန့်ချိ

ရန်ကုန် မေ ၂၇

စူပါဖြစ်ဖို့ ဘာသာရေးလုပ်ရမယ်ဆိုတဲ့ ဇင်ဇင်ဇော်မြင့်၊ စိုးလွင်လွင် သီချင်းတွေအကြောင်း ဇနီး မဖြူ၏ ရင်ဖွင့်ချက်နှင့် ဒေဝနှင့် ရွှေအိမ်စည်တို့ရဲ့ စိုးလွင်လွင် အမှတ်တရစကား၊ ကိုရီးယားမင်းသမီး ဆောင်ယွန်အ (ဂျင်ယောင်)နဲ့ ကောလာဟလများ၊ ရာဇာနေဝင်းအပေါ် ဇင်ဇင်ဇော်မြင့်၏ အမြင်၊ ထွန်းအိန္ဒြာဗိုဘကြောင့် စူပါဖြစ်လာသလဲ၊ဗီဒီယိုရုပ်ရှင်စူပါဖြစ်လျှင် (၄)၊ ထူးထူးခြားခြား ဆောင်းဦးလှိုင်၊ ချစ်သူနားဆင်ဖို့ ရင်ခုန်သံသီချင်း သီဆိုသူများ၏အသံနှင့် ဇာနည်နှင့် ကြည်လဲ့လဲ့ဦးတို့ရဲ့ မင်္ဂလာလက်မှတ်ရေးထိုးခဲ့တဲ့ စူပါစတိုင်လ် အမှတ်တရရောင်စုံဓာတ်ပုံအပါအဝင် ပြည်တွင်းပြည်ပ စူပါအနုပညာရှင်တို့၏ ဘဝအလှဒဿနများကို ဝေဝေဆာဆာ ဖော်ပြထားသော စူပါသတင်းဂျာနယ် အမှတ်(၁၅)ကို ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၅-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၁၀	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၂၀	၇။	အတီးပြိုင်ပွဲ
၈:၂၅	၈။	ပသောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading.
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၀	၈။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၅၀	၉။	အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာ အစားအစာ(ကယား)
၁၈:၀၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈:၁၀	၁၁။	Discovery
၁၈:၂၀	၁၂။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** အပိုင်း(၂၆)
၁၉:၃၀	၁၆။	ရခိုင်ပြည်နယ်(အပိုင်း-၂)
၁၉:၄၀	၁၇။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"နှလုံးသားလွင်ပြင်"** (အပိုင်း-၂) ရန်အောင်၊ ရဲမင်းပိုင်၊ ဆုပန်ထွာ (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

မဟာသမယအခါတော်နေ့နှင့် စိန်စည်ရိပ်သာတရားစခန်းပွဲ

ရန်ကုန် မေ ၂၇

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည် သာသနာ့ရိပ်သာအတွင်း၌ ကျင်းပမြဲဖြစ်သော ဆင်းရဲငြိမ်းကြောင်း မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ရက် တရားစခန်းပွဲကို ၁၃၆၆ခုနှစ် နယုန်လပြည့် မဟာသမယနေ့(ဇွန်၂ရက်)မှစတင်၍ မဟာသမယ သုတ္တန်ဒေသနာတော်များ ရွတ်ဖတ်ပူဇော်ပြီး တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီအရောက် ကြွရောက်၍ တရား အားထုတ်နိုင်သည်။ တရားစခန်းဝင် ယောဂီသူတော်စင်များအား အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းလိုပါက ရိပ်သာ ဖုန်း-၀၁-၅၈၁၁၆၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

တရားစခန်းဖွင့်ပွဲတွင် ပြည်တွင်းပြည်ပ မဟာစည် ရိပ်သာများ၏ နာယက ဓမ္မကထိက ဗဟုဇနဟိတ ရေ အဂ္ဂမဟာပဏ္ဍိတ မြစ်သား ဆရာတော် ဘဒ္ဒန္တဝါသဝ ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒေါက်တာကျော်သန်း(ရေဖြူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး)-ဒေါ်ချစ်စု
တို့၏သား

ဒေါက်တာသိန်းအောင်ကျော် (M.B.,B.S)(Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးချုပ်သန်းထွန်း(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ညွန့်ညွန့်ဝေ
တို့၏သမီးကြီး

ဒေါက်တာဖြူဖြူဟန် (M.B.,B.S)(Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး

တို့သည် ၂၇-၅-၂၀၀၄ရက်တွင် ကရဝိက်နန်းတော်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာသိန်းအောင်ကျော်-ဒေါက်တာဖြူဖြူဟန်။

မေ၂၇ရက်က အမျိုးသားညီလာခံကိုဂုဏ်ပြုသောအားဖြင့်အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ဆီပိသာချိန် ၂၃၂ ပိဿာကို လက်ခံယူစဉ်။ (သတင်း-ကျော်ဖုံး)(သတင်းစဉ်)

မေ ၂၇ရက်က အမျိုးသားညီလာခံကိုဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က မြန်မာနိုင်ငံပုစွန်လုပ်ငန်းအဖွဲ့မှ လှူဒါန်းသောငွေကျပ် ၁၅၀၀၀၀၀ တန်ဖိုးရှိ ရေချိုပုစွန် ကီလို၂၀၀ ကိုလက်ခံယူစဉ်။(သတင်း-ကျော်ဖုံး)(သတင်းစဉ်)

မေ ၂၇ရက်က အမျိုးသားညီလာခံကိုဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မြဝတီစာပေတိုက်မှ လှူဒါန်းသော ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ ပြက္ခဒိန် ၁၀၀ကို လက်ခံယူစဉ်။ (သတင်း-ကျော်ဖုံး)(သတင်းစဉ်)

မေ ၂၇ရက်က အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ လှူဒါန်းသော ငွေကျပ် ၆၂၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးဆန်အိတ် ၅၀နှင့် ကောက်ညှင်းဆန်အိတ် ငါးအိတ်ကို လက်ခံယူစဉ်။ (သတင်း-ကျော်ဖုံး)(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် တပ်မတော်(ကြည်း)ကွာတားဖိုင်နယ်တက်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက် ကျင်းပရာ တပ်မတော်(ကြည်း)အသင်းက တံခွန်အသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း)အသင်းက ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် တံခွန်အသင်းက ချေပဂိုးနှစ်ဂိုး ပြန်သွင်းယူနိုင်သဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ပုံမှန်ပွဲကစားချိန် မိနစ်၉၀နှင့် အချိန်ပိုမိနစ်၃၀ စုစုပေါင်း မိနစ်၁၂၀တိတိ ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်နေ၍ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။

တပ်မတော်(ကြည်း)အသင်းအတွက် ပထမဂိုးကို တံခွန်အသင်း နောက်တန်းလူညီညီဝင်း ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိရာမှ ၃၁မိနစ်တွင် ရရှိသွားခြင်းဖြစ်သည်။ တပ်မတော်(ကြည်း) အသင်းအတွက် ဒုတိယဂိုးကို ၃၅မိနစ်တွင် အောင်ချမ်းမင်းက သွင်းယူပေးသည်။ တံခွန်အသင်းအတွက် ပထမချေပဂိုးကို မိနစ် ၇၀တွင် လင်းဇော်ထိုက်က သွင်းယူပြီး ဒုတိယချေပဂိုးကို မိနစ် ၈၀တွင် လင်းဇော်ထိုက်ကပင် သွင်းယူပေးသည်။

အချိန်ပိုတွင် ရှေ့ဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီငါးလုံးစီကန်သွင်းရာအဆုံးအဖြတ်မပေါ်ဘဲ သရေဖြစ်နေသည်။ ခြောက်လုံးမြောက်ပယ်နယ်တီကန်သွင်းရာတွင် တပ်မတော်(ကြည်း)အသင်းက ဂိုးဝင်အောင် သွင်းနိုင်ပြီး တံခွန်အသင်းက ဂိုးဝင်အောင် မသွင်းနိုင်၍ တပ်မတော် (ကြည်း) အသင်းကစုစုပေါင်းခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို တပ်မတော် (ကြည်း)အသင်းမှ ဂိုးသမား သိန်းဇော်ထိုက်က ရရှိသည်။ တပ်မတော် (ကြည်း)အသင်းသည် ကွာတားဖိုင်နယ်တက်ရောက်သွားပြီဖြစ်ရာ ဇွန် ၃ရက်တွင် လျှပ်စစ်စွမ်းအားအသင်းနှင့် စွမ်းအင်အသင်းပွဲစဉ်မှ အနိုင်ရသူနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၂၈ရက်(ယနေ့) ညနေတွင် သုဝဏ္ဏဘောလုံးကွင်း၌ ပို့ဆောင်ရေးနှင့် သတ္တုတွင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးဆန်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန) - ချစ်မေမေ ဒေါ်စမ်းစမ်းကြည်တို့၏ ၂၈-၅-၂၀၀၄ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီးများနှင့်အတူအောင်မြင်သော ဘဝခရီးကိုလျှောက်လှမ်းနိုင်ပါစေ-

ချစ်သမီးကြီး-မေသဥ္ဇာဆန်း(Final Year,Eco)၊စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
ချစ်သမီးလတ်-ခိုင်ဝတ်ရည်ဆန်း(Final Part 1)၊ဆေးတက္ကသိုလ်-၁ (ရန်ကုန်)
ချစ်သားငယ်-သန့်ဇော်ထက်(1 st Year,English)၊ဒဂုံတက္ကသိုလ်။

မွေးနေ့ဆုတောင်း

နန္ဒာလေးရဲ့ ၂၈-၅-၂၀၀၄ရက်နေ့မှာ ကျရောက်တဲ့ (၁၉)နှစ်မြောက်မွေးနေ့မှသည် ရာသက်တိုင်ချမ်းမြေ့ပျော်ရွှင်ပါစေ။

ကိုကို။

OD Tour အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

(၁) တောင်ကြီးခရီးစဉ် May 21, Jun 4, 10
(၂) ခရီးစဉ်များကို Flight & Coach တို့ဖြင့် သွားချင်သည့်ရက်ကို သီးသန့်စီစဉ်ပေးနေပါသည်။ မြို့တွင်း/ပြင် ခရီးမျိုးစုံအတွက် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။

မှန်မှန်ကန်ကန်
OD Style

အမှတ်(၅၂)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ဖုန်း-၅၀၄၈၀၈၊ ၅၃၇၆၇၂။

Job Vacancy
(for local services only)

We are a leading marketing and distribution company and we required well-qualified personnels for the positions.

Secretary 1 Post
- must have good command of English fluently and good computer skill
- Should have at least 2 - 3 years of related working experience

Supervisor Sales (Male) 1 Post
- Should have worked as a front line sales person (preferably 2 - 3 years at supervisory level) in organizations
- Selling pharmaceuticals products.
- Can handle, promotion of ethical product range
- Also responsible to achieve organization goal

Medical Representatives 2 Post
(Yangon Division 1-Post, Mon State 1-Post)
- Should be B Pharm/ B Sc (Zoo / Chem/ Bot) with at least 2 - 3 years of sales experience promotional experience
- Reporting to the supervisor, he or she will be responsible to promote the ethical product range.
- Willing to travel to any city within Myanmar for Medical promotion.
- Experience in Pharmaceutical Marketing will be of advantage.

Note - All positions require fluency of spoken & written English. If you feel that you meet the requirements, please rush in your CV's with Labour Registration Card within 7 days from this announcement to P.O Box (905), Yangon, Myanmar.

FAME
Hepa-B®



တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ပန်းလှိုင်မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းစစ်ဆေး စံချိန်စံညွှန်းပြည့်မီစွာအမြန်ပြီးစီးအောင် တည်ဆောက်ကြရန်မှာကြား

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မေ ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၃နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်မြစ်ကူးတံတားစီမံကိန်းသို့ ရောက်ရှိပြီး ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးက ပန်းလှိုင်မြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းတွင် သံကူကွန်ကရစ်ဘိုးပိုင်တိုင်များ ဆောင်ရွက်နေမှု၊ သံကူကွန်ကရစ်ရက်မများ ဆောင်ရွက်နေမှုနှင့် ပစ္စည်းများစုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အတတ်ပညာများကို အခြေခံပြီးတည်ဆောက်နေခြင်းဖြစ်၍ အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာဖြင့် အလေအလွင့်နည်းပါးစွာ အမြန်ပြီးစီးရေး တည်ဆောက်ကြရန် မှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ဖက်ကမ်းမှနေ၍ ပန်းလှိုင်မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းအတွင်း ရေလယ် သံကူကွန်ကရစ်ပိုင်တိုင်များ ဆောင်ရွက်နေမှု၊ သံကူကွန်ကရစ်ရက်မများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးက လိုက်လံရှင်းလင်း ပြသသည်။

အမြန်ပြီးစီးအောင်ဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပန်းလှိုင်မြစ်ကူးတံတားကြီး အမြန်တည်ဆောက်ပြီးသည်နှင့်အမျှ ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းကြားရှိ ရပ်ကွက်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ယခုတည်ဆောက်လျက်ရှိသည့် ပန်းလှိုင်မြစ်ကူးတံတားသည် ပင်မတံတား အရှည်ပေ ၅၀၀၊ ချဉ်းကပ်တံတား အရှည်ပေ ၁၄၄၀ ရှိပြီး စုစုပေါင်း အရှည်ပေ ၁၉၄၀ရှိသည်။ တံတားကြီး၏ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေ ရှိပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီ ပါရှိမှာဖြစ်သည်။ တံတားအမျိုးအစားမှာ အောက်ထည်သံကူကွန်ကရစ်ဘိုးပိုင်တိုင်နှင့် အပေါ်ထည်ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် အခင်းတို့ပါရှိပြီး တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ် ၇၅ပေ၊ အမြင့်ဆုံး ရေအမှတ်အထက်အမြင့်ပေ ၂၀ ရှိပြီး တံတားကြီး၏ ခွင့်ပြုအလေးချိန်မှာ တန်၆၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် အညာစုကျေးရွာအနီး ကုက္ကိုဝမြစ်ကမ်းသို့ ရောက်ရှိပြီး ကုက္ကိုဝမြစ်ကမ်းမြစ်ရေတိုက်စားခြင်းများ ကာကွယ်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေကာတန်းများပြုလုပ်ထားရှိမှု၊ သဲမွေ့ရာများချထားဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့ကုက္ကိုဝမြစ်ကမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီကာလ၌ မြစ်ရေတိုက်စားခြင်းမရှိစေရန်၊ ရေကာတန်းများ၊ ဂရစ်တန်းများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူလယ်သမားကြီးများနှင့် တွေ့ဆုံသည်။ ထို့နောက် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က ထန်းတပင်မြို့နယ်အတွင်း ၂၀၀၄ခုနှစ် မိုးရာသီကာလ၌ မိုးစပါး ၉၈၂၅၈ ဧက တိုးမြှင့်စိုက်ပျိုးနိုင်ရေး စီမံထားရှိမှုနှင့် ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြေလွတ်မြေလပ်မကျန်စိုက်ပျိုး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်တိုင်းအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ ပတ်လည်တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ပဲမျိုးစုံ၊ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ် သီးနှံများကို ၁၂လရာသီစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ယခုအခါမိုးစပါးစိုက်ပျိုးရာသီဖြစ်သဖြင့်လျာထားသတ်မှတ်ချက်များ ပြည့်မီကျော်လွန်အောင် မြေလွတ်မြေလပ်မကျန် စိုက်ပျိုးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပင်ကိုအားဖြင့် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် သီးနှံစိုက်စွမ်းအားများ တိုးမြှင့်နိုင်မည့် အစီအမံများအပြင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာမျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၊ ရောဂါပိုးမွှားကာကွယ်ရေးစသည့်ဒေသခံတောင်သူလယ်သမားကြီးများ၏ လိုအပ်ချက်များကို အဘက်ဘက်ကကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံတောင်သူလယ်သမားကြီးများကလည်း သီးနှံအထွက်တိုးပြီးဝင်ငွေပိုမိုရရှိ၍ လူနေမှုဘဝမြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအပေါ် အကျိုးရှိစွာ ကြိုးပမ်းအားထုတ်ကြရန်ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဇွန် ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၂၇

(၁၈၅)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇွန်၁ရက် နံနက် ၉ နာရီတွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည် ဖြစ်သည်။

ငွေကျပ် ၅၀ တန်ထီ (၁၈၅)ကြိမ်မြောက်တွင် အက္ခရာ ၃၅ လုံး ထီစာအုပ် ၂၈၆၃၅၃၀ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုး အလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀ ၂၈ ဆု၊ ငွေကျပ် ၂၅ သိန်း ကိုးဆု၊ ငွေကျပ်ခြောက်သိန်း ၆၄၆ ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်း၂၁ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်း ၄၁ ဆု၊ ငွေကျပ်နှစ်သောင်း ၃၂၁ ဆု၊ ငွေကျပ်တစ်သောင်း ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၀၆၉ ဆုဖြစ်သည်။

ယခု(၁၈၅)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန် ၇ ရက်မှစ၍ လက်ခံဆောင် ရွက်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဧရာဝတီတိုင်းအတွင်းငါးမွေးမြူရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ကိုလေး လိုက်ပါလျက် မေ၂၂ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ တစ်နှစ်လျှင် သားပေါက်ကောင်ရေ ၁၁၈ ဒသမ ၅သိန်း ထုတ်လုပ်မည့် ပသွယ်ငါးသားပေါက် ထုတ်လုပ်ရေးစခန်းသို့ရောက်ရှိပြီး ငါးမျိုးသားပေါက်ထုတ်လုပ်နေမှုအခြေအနေ၊ စခန်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သီးပင် စားပင်များ စိုက်ပျိုးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် မွန်းလွဲပိုင်းတွင်ဧရာဝတီတိုင်းသာပေါင်းမြို့နယ် ဓိးဖြူကွင်းကျေးရွာနှင့် သဲဖြူကျေးရွာများတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက မွေးမြူဆောင်ရွက်မည့် ငါးမွေးမြူရေး ကန် ၅၈၆ဧက တူးဖော်ပြီးစီးနေသည့် အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ပုသိမ်-ချောင်းသာကားလမ်းရှိ မင်းကုန်းကျေးရွာတွင် ယုဇနအုပ်စုက မွေးမြူထားသည့် ရေချိုငါးသားပေါက် ပြုစုကန်များသို့ လည်းကောင်း၊ ဥတိုကျေးရွာရှိ မင်းဇာနည်ကုမ္ပဏီ၏ပိုက်လှောင်အိမ်ဖြင့်ကကတစ်ငါးအသားတိုး မွေးမြူရေး ကန်များ မွေးမြူထားရှိမှုအခြေအနေနှင့်မြန်မာနိုင်ငံတွင်ပထမဦးဆုံး ကကတစ်ငါးသားဖောက်မွေးမြူနိုင်ရေးစီစဉ် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်မှာကြား

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ယုဇနအုပ်စု ဧရာဝတီရေလုပ်ငန်းကုမ္ပဏီ၏ငါးတန်အသားလွှာအေးခဲမှုနှင့် ပုစွန်ကုန်ချော ပြုပြင်ထုတ်လုပ်နေမှုအအေးခန်း စက်ရုံ အခြေအနေများကိုလည်းကောင်း၊ တစ်နေ့လျှင် ၁၀တန်ကျ ငါးအစာတောင့် စက်ရုံသို့လည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ငဝန်မြစ်အတွင်း ယုဇနအုပ်စုမှ မွေးမြူဆောင်ရွက်နေသည့် လှောင်အိမ်စနစ်ဖြင့်ငါးတန်အသားတိုး မွေးမြူထားသည့် လှောင်အိမ်၂၅လုံး၏ အခြေအနေနှင့် အသားလွှာအေးခဲရန် ငါးဖော်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွန်းလွဲပိုင်းတွင် ပန်းတနော်မြို့နယ် မိုးကုတ်-ဒီးဒုတ် ကွင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက မွေးမြူမည့် ငါးအသားတိုး မွေးမြူရေးကန် ၁၇၇၁ ဧက တူးဖော်ပြီးစီးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မေ ၂၂ရက်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်းကရင်ပြည်နယ် မြဝတီစက်မှုဇုန်တည်ဆောက်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တင်

ပျော်ဘွယ် မေ ၁၀

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာဗလဆရာတော်အဂ္ဂနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ် ညွန့်တင်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်တို့အား အမှူးထား၍ ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအနီး မုနိစကြာ၊ မုနိဘဂဝါ၊ မုနိလာဘစေတီတော်သုံးဆူ ရွှေထီးတော်တင်ဗုဒ္ဓပူဇဝန္တ မင်္ဂလာအနေကဇာတင် အခမ်းအနားကို မေ ၃ရက်က အဆိုပါ စေတီတော်တွင် ကျင်းပသည်။

မင်္ဂလာအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တနာဂထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မန္တလေးတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဦး၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဝင်းလှိုင်တို့က စေတီ၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းပြီး**(ဝဲပုံ)** စေတီတော်များအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက စေတီတော်သုံးဆူကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ အဆိုပါ ရွှေထီးတော်သုံးဆူမှာ မန္တလေးတိုင်း မြေစာရင်းဦးစီးဌာနအတွင်းရှိ ဝန်ထမ်းများ စုပေါင်း လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မေ၆ရက်က အထက(၆) ရတနာမွန်ခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုက မူလတန်းကျောင်းသား တစ်ဦးအား မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၁၆၈)

မေ၂ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ကုန်းသလင်းကျေးရွာတွင် ရန်ကုန်မြို့နေ ဒေါ်ကြူကြူဝင်း (သီရိရတနာပရိဘောဂ)လှူဒါန်းသည့် နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကျင်းပရာ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့်ကျေးရွာ ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၀၃)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆွေးနွေး

ပင်လည်ဘူး မေ ၁၀

စစ်ကိုင်းတိုင်းပင်လည်ဘူးမြို့နယ် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ မြို့နယ်တွင်း လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်သည်နှင့်အမျှ အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိတိကျကျလိုက်နာဆောင်ရွက်ကြရေးတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်မြိုင်က ပြောကြားသည်။

ထို့နောက် မြို့နယ်တွင်းဖွံ့ဖြိုးရေး လုပ်ငန်းများဆွေးနွေးကြကြောင်း သိရသည်။ **(၂၇၁)**

အမြို့မြို့ အနယ်နယ် သတင်းများ

ယစ်မျိုးလိုင်စင်ခွန်ကောက်ခံရေးသီပေါ၌စည်းဝေး

သီပေါ မေ ၂၀

ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ဆောင်ရွက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ၁၈ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အစီအစဉ်အရ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ယစ်မျိုးလုပ်ငန်းရှင်များက မရှင်းလင်းသည့် အချက်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ **(၃၀၆)**

ရေမြောင်းများ ရှင်းလင်း

ကောလင်း မေ ၁၆

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့်စနေနေ့တိုင်းစုပေါင်းသန့်ရှင်းရေးကို ဈေးရုံဗိုလ်တဲရပ်ကွက်တွင် မေ ၁၂ရက်က ကျင်းပရာ ဈေးပတ်ဝန်းကျင်နှင့် ရွှေမင်းဝံလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ပိတ်ဆို့နေသည့် အမှိုက်များအား စက်ယန္တယားအသုံးပြုလျက် ရှင်းလင်းဆောင်ရွက်ကြသည်။

အဆိုပါဆောင်ရွက်မှုများကိုမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးမောင်မောင်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။ **(၀၂၆)**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဖော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဗန်ကျွမ်း ဦးဆောင်သော ဝန်ထမ်းများ မေ ၈ ရက်က ၅၅၅ တောင်ကုန်း ချိုနွယ်ပိတ်ပေါင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်း၍ ရှုခင်းသာကုန်း သာယာလှပရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ မိုးကောင်းအထက(၁)၌ကျင်းပ

မိုးကောင်း မေ ၁၀

(၅၈)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌကို အရန်မီးသတ်တပ်ဖွဲ့ဝင်များက တပ်ခွဲအလိုက် စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုကြပြီး မြို့နယ်ဥက္ကဋ္ဌကအမှာစကားပြောကြားသည်။

ထို့နောက်(၅၈)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကောင်းမြို့နတ်ကြီးကုန်းရပ်ကွက်မှ ဦးအောင်ဒင်(မြခွာညို)မိသားစုက ကျပ် ၅၈၀၀၀၊ မိုးကောင်းမြို့ နန့်ရင်းရပ်ကွက်မှ တရုတ်အမျိုးသားဗုဒ္ဓဘာသာဘုံကျောင်းဂေါပကအဖွဲ့က ကျပ်၃၀၀၀၀တို့ကို မြို့နယ် အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ထံပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်ဖွဲ့ဝင် ဝတ်စုံ အမြန်ဆုံးနှင့် စနစ်အကျဆုံး ဝတ်ဆင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပကြောင်း သိရသည်။ **(၄၁၆)**

မြန်မာ့အသံ

၂၉-၅-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်

(မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ ခေတ်ပေါ်တေး

၀၉:၄၅ အာဆီယံအစီအစဉ်

၁၀:၀၅ အာယုနဲ့ သာဓုဆွေးနွေးခန်း

၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းဌာနများ (ဓိဝခေတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)သတိပြုဖွယ်ဆေးလိပ် အန္တရာယ်(ခေါင်းကြီး)
(၂)ခေါ်ချင်သလိုသာခေါ်ပါ (ဆောင်းပါး)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇:၀၀ အဆို၊အက၊အရေး၊အတီး ဆုရအစီအစဉ် (ပဲခူးတိုင်းမှ ဒေါ်ဥမ္မာရဲ့ ဓမ္မပူဇာတေး)

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇:၄၀ သိမှတ်စရာကွန်ပျူတာ (ကွန်ပျူတာနှင့်ကင်မရာ ဆက်သွယ်ဆောင်ရွက်မှု အကြောင်း)

၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားအစ စာသင်ကျောင်းက) (ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)

၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ကဗျာဘွဲ့မှူး၏ ဟိုတုန်းကမတွေ့ခဲ့ရင် စီးရီး)

၂၀:၂၀ English Lesson Working Knowledge

၂၀:၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

တောင်တွင်းကြီး မေ ၁၀

(၅၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနခန်းမ၌ မေ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှကြိုင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းဝင်းတို့က မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အကြောင်း သိကောင်းစရာများ ဟောပြောကြကြောင်း သိရသည်။ **(၁၈၉)**

မေ၁၀ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပျိုးဥယျာဉ်အတွင်း ပန်းအလှပန်းပင်တစ်သိန်း ပျိုးထောင်မှုကို အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးဘသိန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဆောင်ရွက်

ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဘုရားလေး ရေကန်တွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင် အရာရှိ ဦးနေမျိုးလင်းနှင့် လုပ်ငန်းခွင် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်စိုးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

"VICTORIA HYPER MART"

ပစ်တိုးရိုးယား ကုန်တိုက် EXCEL SHOPPING MALL

BASEMENT တွင် စတင်ဖွင့်လှစ် ရောင်းချပေးနေပါပြီ....

နေ့စဉ်နံနက် (၉:၀၀) နာရီမှ ည(၉:၀၀) နာရီအထိ ဝယ်ယူအားပေးသူ မိတ်ဟောင်းမိတ်သစ်များကို ကြိုဆိုလျက်ပါ။

အမှတ် (၅၂၀)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။

Tel : 703778 , 704059 , 559377 – Ext : 6171

Fax : 559648 E-mail : vic.fancy@yahoo.com

သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်ဝေလင်းအောင် မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၃၆၉၃၁ သည် မိဘစကားကို နားမထောင်ဘဲ မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်သည့်အပြင် စုံစမ်းမေးမြန်းခြင်းသည်းခံပါရန် မေတ္တာရပ်ခံပါသည်။

ဒေါ်တင်တင်ဆွေ ၁၂/မဂတ(နိုင်)၀၄၁၈၄၁
အမှတ် ၃၀၊ ၁၃၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

၁။ Personal Officer ကျား (၁) ဦး

၂။ Office Secretary မ (၂) ဦး

- Secretary ... Computer ...

Peace Myanmar Group Co., Ltd.

အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်–၄၁၊ နည်းဥပဒေ ၁၄)
ကချင်ပြည်နယ် တရားရုံး၊ မြစ်ကြီးနားမြို့။
၂၀၀၄ ခုနှစ် တရားမ ပထမအယူခံအမှုအမှတ် ၃

ဒေါ်နု နှင့် ၁။ ဒေါ်ဘောမ်မျော်
၂။ ဦးမောင်မောင်ကြီး
၁/မကန(နိုင်) ၀၉၃၆၆၆
အိမ်အမှတ် ၂၂၉၊ ဝန်ကြီးလမ်း၊
ရေအေးကွင်းရပ် တောင်ကြီးမြို့၊

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်စွဲပါ မြစ်ကြီးနားခရိုင် တရားရုံး၊ တရားမကြီးအမှု အမှတ်–၇/ ၂၀၀၃ အမှုတွင် ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံမှု။

အယူခံတရားပြိုင်(၁) ဒေါ်ဘောမ်မျော်၊ အယူခံတရားပြိုင်(၂) ဦးမောင်မောင်ကြီး (ယခုလိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် မြစ်ကြီးနားခရိုင် တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလို ဒေါ်နုက အယူခံရာ ဤရုံးတော်သို့ တင်သွင်းသည်။

ဤအယူခံအမှုကို ၂၀၀၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ (၁၃၆၆ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်)၊ နံနက် ၉:၃၀ နာရီအချိန်တွင် ရင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြင့်ဖြစ်စေ ဤအယူခံအမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံအမှုကို သင်မရှိသည့်အခါတွင် တစ်ဘက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်–၄၁၊ နည်း ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၀၄ခုနှစ် မတ်လ ၈ရက်နေ့ ဤရုံးတံဆိပ်ကို ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးညွန့်
တွဲဖက်ပြည်နယ်တရားသူကြီး
ကချင်ပြည်နယ်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့။

ပြင်ပဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တို့တွင် ပြင်ပဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက်ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
(၁)	မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip.Med.Sc (Family Medicine)	တစ်နှစ်	ရန်ကုန်–မန္တလေး
(၂)	အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc (General Practice)	တစ်နှစ်	ရန်ကုန်

၂။ လိုအပ်သည့်အရည်အချင်း

(၁) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းအတွက် အမ်ဘီဘီအက်စ်ဘွဲ့ရရှိပြီးသူနှင့် အထွေထွေသွားရောဂါကု ဒီပလိုမာသင်တန်းအတွက် ဘီဒီအက်စ်ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၂) ၁၉၉၄ ခုနှစ်နှင့် နောက်ပိုင်း ဘွဲ့ရရှိသူများဖြစ်ပါက အစိုးရဝန်ထမ်းအဖြစ် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၆–၈–၂၀၀၄ ရက်နေ့ဖြစ်ပါသည်။

၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၉–၉–၂၀၀၄ ရက်နေ့ဖြစ်ပါသည်။

၅။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၂၀၀ (ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD–၀၀၄၄၉၆ သို့ ပေးသွင်းရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

မီးသတ်တပ်ဖွဲ့နေ့ ပြင်ဦးလွင် မြေတိုင်းကျောင်းခန်းမ၌ကျင်းပ

ပြင်ဦးလွင် မေ ၁၀

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ၅ရက်က ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံမြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်က မီးသတ်တပ်ဖွဲ့နေ့ ဖြစ်ပေါ်လာပုံနှင့် တစ်နှစ်တာမီးသတ်တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်း ပြောကြားသည်။

ထို့နောက် ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း ပြင်ဦးလွင်မြို့နယ်၏ လှုပ်ရှားမှုနှင့် စွမ်းဆောင်မှုအကောင်းဆုံးဆုရ ဝက်ဝံကျေးရွာအရန် မီးသတ်တပ်ဖွဲ့ကို ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်သည်။ဆက်လက်ပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများက (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးဘေးတားဆီးရေးအဖွဲ့သို့ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ် ၈၄၃၀၀၀ကို ပေးအပ်ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်ကြသည်။ **(၂၈၀)**

စေတီအုတ်မြစ်ချပွဲ ကမ်းဖြူဘုရားကုန်းတော်၌ကျင်းပ

ရေဦး ဧပြီ ၃၀

ရေဦးမြို့နယ်ပန်းကုံးကျေးရွာအုပ်စု ကမ်းဖြူဘုရားကုန်းတော်ပေါ်တွင် အသစ် တည်ထားကိုးကွယ်သော နဂါးခုနစ်ကောင် ရုံထားသည့် ဗုဒ္ဓရုပ်ပွားစေတီ အုတ်မြစ်ချပွဲကို ဧပြီ ၂၂ ရက်က ကျင်းပရာနဂါးခုနစ်ကောင်ရုံထားသည့် ဗုဒ္ဓရုပ်ပွားတော်ကိန်းဝပ် စံပယ်တော်မူမည့်စေတီတော် အုတ်မြစ်ကို မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်စမ်းကြားကျောင်းတိုက်ဆရာတော်ဦးဝိသုဒ္ဓက အုတ်မြစ်ချကြောင်း သိရသည်။ **(၃၇၈)**

မေ၂၃ ရက်က ရောဝတီတိုင်း ကြံခင်းမြို့နယ် စည်ပင် မြို့မဈေးကြီးအတွင်း အပြင်နှင့် မြို့နယ်ဆေးရုံဝင်း အတွင်းစုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်အမှုဆောင်

အရာရှိ ဦးခင်ဇော်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့က ကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌနှင့် ရဲတပ်ဖွဲ့မှူးတို့က အားပေးကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

ဆောင်ရွက်

မေ ၁၈ ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့နှင့် ရပ်ကွက် ပြည်သူများ စုပေါင်း၍ မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးနိုင်နှင့် အမှုဆောင် အရာရှိ ဦးမျိုးဝင်းတို့က ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မေ ၁၆ ရက်က ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စသာကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန့်၊ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းအိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မေ ၂၃ရက်က ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မုပ္ပလင်ကျောက်ထုတ်အလုပ်စခန်းမှ ဝန်ထမ်းများ၏ သားသမီးများကို ၂၀၀၄–၂၀၀၅ခုနှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျောက်ထုတ်အလုပ်စခန်းရုံးခန်းမ၌ကျင်းပရာ စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ဇင်က မုပ္ပလင်ကျောက်ထုတ်အလုပ်စခန်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အားကျောင်းသား ကျောင်းသူ၄၅ဦးအတွက် ပညာသင် ထောက်ပံ့ငွေနှင့် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (က–ပ)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၃၈ရပ်ကွက်
ဗိုလ်လရောင်လမ်း၊ အမှတ် (၅၅၅)နေ
ဦးမောင်မောင်အုန်း-ဒေါ်ညွန့်တင်
တို့၏သား
မောင်စိုးငွေး B.Sc (Maths)
M.O.T Second Class Part (A)
တတိယအင်ဂျင်နီယာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
နှင့်
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ အမှတ် ၈ရပ်ကွက်၊ မဥ္ဇူလမ်း၊
အမှတ် ၄၉ နေ
ဦးသိန်းဇော်-ဒေါ်ခင်စန်းရွှေ
တို့၏သမီး
မခင်မျိုးဇော် B.A (Eco)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၂၂-၅-၂၀၀၄ ရက်တွင် International Business Centre (IBC)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးငွေး-မခင်မျိုးဇော်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၄ ရပ်ကွက်၊ သုတ ၁ လမ်း၊
အမှတ် ၁၉ နေ
ဒု-အရာခံဗိုလ်သိန်းထွန်း(တပ်မတော်(လေ)ငြိမ်း)-ဒေါ်တင်တင်ဝင်း
တို့၏ သားငယ်
ဗိုလ်ကြီးတင်ထွန်း B.A (History)
(ဘဏ္ဍာ/အခွန်၊ ပြည်တွင်းအခွန်များဦးစီးဌာန)
နှင့်
အောင်လံမြို့၊ ကန်ကြီးရပ်ကွက်အလယ်လမ်းနေ
(ရွှေဆိုင်နှင့်ကံချွန်ကွန်ပျူတာပုံနှိပ်တိုက်) ဦးမြသိန်း-ဒေါ်ခင်လေး
တို့၏သမီးထွေး
ဦးလှသန်း-ဒေါ်ရွှေနိုင်
တို့၏တူမ
မဟန်ထက်စု(ခ)မချိုမြ
တို့သည်

၂၅-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘဆွေမျိုး မိတ်သင်္ဂဟများ၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပြီး မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ကျင်းပသည့် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ကူညီခဲ့သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးတင်ထွန်း-မဟန်ထက်စု(ခ)မချိုမြ

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Green Master မြက်ဖြတ်စက်အရန်ပစ္စည်းများ	1 Lot
၂	High Tensile Wire များ	၉၄ တန်
၃	Myanmar Convention Centre တွင်တပ်ဆင်ရန် Crystal Chandelier (Dia 350 cm x Ht 400 cm)	1 No

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁၅-၆-၂၀၀၄ရက်နေ့ (၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူ ရောင်းချရေးဌာနစု၊ ဖုန်းအမှတ်- ၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အိမ်ငှားလိုသည်

KTV နှင့် စားသောက်ဆိုင်ဖွင့်ရန်အတွက် ဗဟန်းမြို့နယ်အတွင်း ဖုန်း၊ ပါဝါမီတာပါ ခြံကျယ် လုံးချင်းအိမ်ငှားလိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၃၇၂၅၇၇
နံနက် ၉ နာရီ မှ ၁၀ နာရီအတွင်း။

ပညာရေးဝန်ကြီးဌာန
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက်

သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီလျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

စဉ် ဒီပလိုမာသင်တန်းအမည်
၁။ Diploma in Software Engineering အမှတ်စဉ်(၁၈)
၂။ Diploma in Network Engineering အမှတ်စဉ်(၁၃)
၃။ Diploma in Hardware Engineering အမှတ်စဉ်(၁၃)

၂။ **လျှောက်ထားရန်လိုအပ်သည့် အရည်အချင်းများ**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင် သို့မဟုတ် အခြေခံပညာ အထက်တန်းအဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ရရှိထားသူဖြစ်ရမည်။
(လက်မှတ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြရန်)

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ဖုန်းအမှတ်-၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ **လျှောက်လွှာလက်ခံမည့်အစီအစဉ်**
(က) လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်နေ့ရက်
၁။ Diploma in Software Engineering
၇-၆-၂၀၀၄ ရက်မှ ၁၆-၆-၂၀၀၄ ရက်ထိ
၂။ Diploma in Network Engineering
၅-၇-၂၀၀၄ ရက်မှ ၁၅-၇-၂၀၀၄ ရက်ထိ
၃။ Diploma in Hardware Engineering
၂-၈-၂၀၀၄ ရက်မှ ၁၂-၈-၂၀၀၄ ရက်ထိ

ဖခင်အမည်မှန်

ကျိုက်ထိုမြို့ အထက(၁)မှ ဒသမတန်း ကျောင်းသူ မစိမ်းမို့မို့နှင့် အဌမတန်း ကျောင်းသားမောင်ရဲသူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၉/သစန (နိုင်) ဝ၈၉၈၇၁ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဆ/၄၁၂၀ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ကလေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ကလေး)။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မစုစုလှိုင်(ခ) မစန်းသီး၊ နိုင်ငံသားအမှတ် ၁၂/ပခတ(နိုင်) ဝ၄၄ဝဝဝ သည် ၂၈-၇-၂၀၀၃ ရက်နေ့တွင် အိမ်ပေါ်မှ မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ကိစ္စအဝဝအားလုံးကို တာဝန်မယူတော့ကြောင်း။

ဦးကူမာရာဘီလူး(ခ)ဇော်လွင်
မှတ်ပုံတင်အမှတ်-အေအယ်လ်အီး- ဝ၁၂၅၃၉
အမှတ် ၂၈၆၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်။

(၅) နှစ်ပြည့်သတိရလွမ်းဆွတ်

ဘုရားဒါယကာ
ဗိုလ်ကြီးတင်မော်နိုင်
B.A (History)

သားလေး ခွဲသွားတာ(၅)နှစ်ပြည့်ပြီ။ အစားထိုးမရပါ။ နှစ်စဉ်ဆွမ်းကျွေးလှူဒါန်းခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှ-အမျှ-အမျှ ပေးဝေပါ၏။ သာဓု-သာဓု-သာဓု ခေါ်ပါသားလေးရေ။

လွမ်းဆွတ်လျက်
မေမေဒေါ်တင်မွှေးလှမိသားစု
ပင်းယနွယ်ခြံ၊ A1 လမ်း။

HLA KAY THWE (B.V.Sc Final part I),
B.Sc (Chem.)
Hair & Beauty Saloon
(For Ladies only)

Hair straightening (ဆံပင်ဖြောင့်) Ks 10000
Hair treatment (ဆံပင်ပေါင်းတင်) Ks 2000
Face treatment (မျက်နှာပေါင်းတင်)
Hair curling (ဆံပင်ကောက်)
Eyclash curling (မျက်တောင်ကောက်)
(ခြောက်လအာမခံ)

Open : 8:00 am to 8:00pm (Open Daily)
Location : No 215 1st floor, Kyaik Kasan Road,
Tarmwe Township Yangon Ph-559976

မသန်စွမ်းသူများအတွက်
အသက်မွေးဝမ်းကျောင်းပညာသင်တန်းသားခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း(AAR) မှ ၂၀၀၄ ခုနှစ် (တတိယ) အပတ်စဉ် စက်ချုပ်နှင့် ဆံပင်အလှပြုပြင်ခြင်း အသက်မွေးပညာသင်တန်းများကို စက်တင်ဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ (သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်အပါအဝင်) မြန်မာနိုင်ငံအနှံ့အပြားရှိ မသန်စွမ်းသူများလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့ နောက်ဆုံးထား၍ပေးပို့နိုင်ပါသည်။

သင်တန်းကာလ - ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁ရက်မှ ဒီဇင်ဘာလ ၁၅ရက်နေ့ထိ။
လူတွေ့စစ်ဆေးခြင်း - ၂၀၀၄ခုနှစ် ဩဂုတ်လ ၃၀နှင့် ၃၁ရက်နေ့။
ဆက်သွယ်ရန်လိပ်စာ - ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးပညာသင်တန်းကျောင်း(AAR) အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၁-၆၆၁၇၁၂ AAR)

အန္တရာယ်ရှိအဆောက်အအုံအား ဖြိုဖျက်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၃၂၆)ရှိ အန္တရာယ်ရှိ အဆောက်အအုံကို ဖြိုဖျက်မည် ဖြစ်ပါသဖြင့် အဆိုပါအဆောက်အအုံအား ဖြိုဖျက်ဝယ်ယူရန်အတွက် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ် အပ်ပါသည်။

အဆိုပါအန္တရာယ်ရှိ အဆောက်အအုံအား ဖြိုဖျက်ဝယ်ယူရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဖြိုဖျက်ဝယ်ယူလိုသည့် ဈေးနှုန်းကို ဈေးနှုန်းတင်သွင်းလွှာပုံစံတွင် ဖြည့်စွက်ဖော်ပြပြီး တင်သွင်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီးရှိ ဆယ်ထပ်ရုံး [အင်ဂျင်နီယာဌာန (အဆောက်အအုံ)] ပဥ္စမထပ်တွင်ရုံးချိန်အတွင်း ပုံစံတစ်စောင်လျှင် ၂၀၀၀ိ/နှုန်းဖြင့်ဝယ်ယူလျှောက်ထားနိုင်ပါသည်။ တင်ဒါလျှောက်လွှာပိတ်ရက်မှာ ၁၅-၆-၂၀၀၄ (အင်္ဂါနေ့)ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) (ဖုန်း- ၂၄၉၅၂၅၊ ၂၄၈၁၁၂-လိုင်းခွဲ ၂၇၉) သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်သာယာရေးကော်မတီ။



မြေရောင်းမည်

ဘိုးဘွားပိုင်၊ အမည်ပေါက်၊
တစ်ထပ်တိုက်
ရွှေတောင်ကြား(၁)ရပ်ကွက်
ဝ ဒသမ ၁၀၁ ဧက
Ph- 549124 , 548122

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၂၂အိတ်စ်)၊ ပဋ္ဌမတန်းစား မြေကွက်အမှတ် (၂၈၈)ဧရိယာ ဝ ဒသမ ဝ၃ ဧက မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ၃ ရပ်ကွက်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၆၇ ဟုခေါ်တွင်သော ၈ ထပ်အဆောက်အအုံ၏ခေါင်းရင်းဘက်အခြမ်း (မျက်နှာမူ၍ကြည့်သော်၊လက်ဝဲဘက်ခြမ်း) (မြေညီထပ်) တိုက်ခန်းကို ကျွန်ုပ်၏ မိတ်ဆွေများက ဦးထွန်းအောင်ထံမှ ဝယ်ယူရန်စရန်ငွေပေးပြီးဖြစ်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်ဖြင့် - **ဦးမြဟန်၊ B.A(Law).,LL.B.,D.B.L.,D.M.L**
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅၊ ဒုတိယထပ်
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ဖုန်း-၅၃၈၃၃၂၊ ၀၉ ၅၀ ၂၀၉၈၁
၂၂၆၉၁၄၊ ၂၂၉၁၆၀၊ ၀၉ ၉၉ ၂၄၃၄၂

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မသိမ့်သိမ့်ထွန်း ၁၃/ပတယ (နိုင်) ဝ၂၈၅၄၈ သည် မိဘတို့၏စကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၅-၅-၂၀၀၄ ရက်နေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဦးသန်းထွန်း ၁၃/ပတယ (နိုင်) ဝ၂၁၀၀၂
ဒေါ်သန်းစိန် ၁၃/ပတယ (နိုင်) ဝဝ၄ဝ၉၇

ပြောင်းလဲခေါ်ပါရန်

အဖဦးစိုင်းရွှေအောင်၏သား မောင်စိုင်းထွန်းအောင်လွင် (တ/နှစ် ဘူမိဗေဒ၊ မကွေးတက္ကသိုလ်)အား မောင်သန်းထိုက်အောင်ဟု လည်းကောင်း၊ သမီး မနန်းအိခိုင်ဖူး(ဒသမတန်း(က) အထက(၂) မကွေးမြို့) အား မယမင်းရွှေရည်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မိမိချိုသန်း ၁၂/မဂဒ (နိုင်) ဝဝဝ၂၇၉ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မိမိချိုသန်း (အဘ ဦးမောင်မောင်သန်း)၊ တိုက် ၇၊ ပထမထပ်၊ ယုဇနလမ်း ယုဇနဥယျာဉ်အိမ်ရာမြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေသူအား မိခင်ဖြစ်သူ၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ်အခါခါ ကြိမ်းမောင်း၍ ကိုယ်ထိလက်ရောက်စော်ကားခြင်းနှင့်ညီအစ်ကိုမောင်နှမများကိုလည်း ရန်သူသဖွယ်ပြုမူဆက်ဆံပြီး ကိုယ်ထိလက်ရောက် အကြိမ်ကြိမ်အခါခါ ပြုမူရမ်းကားပြီး ပစ္စည်းများကို ဖျက်ဆီးခြင်းတို့ကြောင့် မိခင်ဖြစ်သူသည် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရပြီး မိဘ၏ဂုဏ်သိက္ခာကိုကျဆင်းအောင် ပြုလုပ်ခဲ့ခြင်းကြောင့် မိမိချိုသန်းသည် သွာနုတ္တရသမီးအဖြစ်ဖြင့် ကျွန်မ၏သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့်ကျွန်မ၏မိသားစုဝင်အဖြစ်မှ စွန့်ပယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်ရှိန် ၁၂/မဂဒ(နိုင်) ဝ၇၉၇၅၅
တိုက် ၁၊ အခန်း ဝဝ၂၊ သာစုအိမ်ရာ၊
ဇ/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက်နေ ကျွန်တော် ဦးကျော်မြင့် (ဘဦးဘသိန်း) KLN ဝ၁၆၂၉၈ ၏ ဇနီး ဒေါ်မြမြ (ဘ ဦးဘရင်) SGG- ဝ၆၆၂ဝ၈ သည် မိသားစုစိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ကိစ္စများ ဆောင်ရွက်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၄-၅-၂၀၀၄ရက်နေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ တာဝန်ယူမည်မဟုတ်ပါ)

ကျော်မြင့်
KLN.ဝ၁၆၂၉၈။

ဦးအောင်မြမောင် (မော်လမြိုင်)
ရုံးအဖွဲ့မှူး(ငြိမ်း) တာမွေမြို့နယ်ရုံး
အသက်(၇၉)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ အောက်လမ်းမကြီးနေ (ဦးမောင်မောင်-ဒေါ်ငြိမ်းလှ)တို့၏သား၊ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဒေါ်သန်းတင်၊ (ဦးမျိုးသန့်)-ဒေါ်စောမြ၊ ဦးကျော်တင့်-ဒေါ်လုံးတင်တို့၏အစ်ကိုကြီး၊ ဦးမောင်မောင်ထွန်း-ဒေါ်စုစုငြိမ်း၊ ဦးကျော်ဝင်း-ဒေါ်တင်တင်ရီ၊ ဦးအောင်ကျော်မြင့်-ဒေါ်မြကြွယ်၊ ဦးကျင်သိန်း-ဒေါ်ဝင်းဝင်းသန်း၊ (ဦးစိုင်းလှမြင့်အေး)-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီ တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ စံရိပ်ငြိမ်ရပ်ကွက်၊ အမှတ် ၄၆(D)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းဝင်း
(ထွန်း အိမ်ဆောက်ပစ္စည်း)
အသက်(၅၄)နှစ်

(ဦးစု)-ဒေါ်တင်ညွန့်တို့၏သား၊ (ဦးချင်း)-ဒေါ်သန်းစိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ထီးတန်းကန္နားလမ်း၊ အမှတ် ၂၂ နေ ဒေါ်တင်တင်လတ်၏ခင်ပွန်း၊ မမွန်မာလာထွန်း၊ မပွင့်သဇင်ထွန်းတို့၏ဖခင်၊ ဦးတင်ထွန်း-ဒေါ်နီနီတို့၏မောင်၊ ဒေါ်တင်တင်မြင့်၊ ဦးတင်ဝင်း-ဒေါ်ညွန့်စိန်၊ ဦးသန်းလွင်-ဒေါ်တင်တင်မွေး၊ဦးအောင်ဝင်း(ဒု-အထွေထွေမန်နေဂျာ၊မြန်မာ့မီးရထား)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်တင်ထွေးတို့၏အစ်ကိုသည် ၂၇-၅-၂၀၀၄ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ် စိုးစိုးနောင်
တပ်မတော်(ရေ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း၊ အိမ်ထောင်သည်လိုင်း၊ အမှတ် ၁၃/၁၄ နေ (ဦးဘအောင်)-ဒေါ်အမာရီတို့၏သား၊ ဦးစိုးစိုးအောင်၏ညီ၊ မနီနီအောင်၊ မဖြူဖြူအောင်၊ မရီရီအောင်၊ အခ/တကက ဇော်တင်အောင်တို့၏အစ်ကို၊ မအိအိစိုးနောင်၊ မောင်ရန်နောင်စိုး၊ မအိသက်ဖြိုး၊ မောင်မင်းခန့်တို့၏ဖခင်၊မောင်မင်းသုခ၏အဘိုးသည် ၂၇-၅-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံမှမင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးဝင်းရှိန် (သန်လျင်)
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ကဒပ္ပနကျေးရွာနေ (ဦးထွန်းရင်-ဒေါ်သန်းရွှေ)တို့၏သား၊ ပုလောမြို့နေ (ဦးအေး-ဒေါ်စိန်)တို့၏ သားသမက်၊ ဦးကျော်ဆန်းလွင်-မသန်းသန်းနု၊ ဦးသန်းမြင့်ဦး-မနီနီရှိန်၊ (ကိုကျော်ကျော်မိုး)၊ မကေသီဝင်း၊ ဦးရဲသိန်း-မခိုင်ခိုင်ဝင်း၊ မစုစုခိုင်တို့၏ဖခင်၊ မနှင်းကြည်ပြာလွင်၊ မသည်းသဉ္ဇာဦးတို့၏ အဘိုးသည် ၂၇-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၊ အမှတ် ၁၉၊ ထန်းပင်ကုန်း ၄ လမ်း၊ နေအိမ်မှသန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အမည်ပြောင်း အဖဦးတင်ဦး၏သားငယ် ညောင်ရွှေမြို့ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းမှ မောင်ကျော်ခန့်ဦးအား မောင်ကျော်ခိုင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ခိုင်လင်း။**

EUROPA International Education Academy
English Language Proficiency Course
အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ

၁၀ တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြိုနှင့်ဘွဲ့ရများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာဝန်များနှင့် အင်္ဂလိပ်စာကို ကျွမ်းကျင်တတ်မြောက်လိုသူများ တက်ရောက်နိုင်သည်။
Level(I)-Pre- Intermediate Level
Level(II)-Intermediate Level, သင်တန်းများကို 4 Skills နှင့် အောက်ပါမြို့ကြီးများတွင် ဖွင့်လှစ်သင်ကြားမည်။
- ရန်ကုန်မြို့၊ အမှတ် ၁၀၀၁ ၊ ၁၀ထပ်၊ သံဈေးကွန်ဒိုစင်တာ၊ လမ်းမတော်၊ ဖုန်း-၀၁-၂၁၂၈၉၇၊ (၂၃-၆-၂၀၀၄)မှစ၍
- မန္တလေးမြို့၊ (ဒုတိယထပ်) ရတနာပုံအဆင့်မြင့်ဈေး၊ MICT Park ဖုန်း-၀၂-၆၄၇၄၇၊ Ext . ၅၀၁၁(၃-၆-၂၀၀၄) မှစ၍
- ပြင်ဦးလွင်မြို့ YMCA စင်တာဉာဏ်တောအဝိုင်းအနီး၊ ဖုန်း-၀၈၅-၂၁၂၇၇ (၃-၇-၂၀၀၄)မှစ၍
- မကွေးမြို့၊ အမှတ် ၄၂၊ ပြည်တော်သာရပ်၊ ဖုန်း-၀၆၃-၂၂၂၂၄ စ(၁-၆-၂၀၀၄)မှစ၍

(နိုင်ငံ့ဝန်ထမ်းများအတွက် အထူးအစီအစဉ်များရှိပါသည်)
စာရင်းသွင်းလက်ခံနေပါပြီ။

Messenger (Language Centre)
Proficiency Class — Business English
Spoking English — Exam-Preparation Courses
Writing Skills — Academic English
၆၈၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်
ဖုန်း-၀၁-၂၁၂၄၅၃ (ဖုန်းလလယ်ဖွင့်မည်)

BRIGHTER
အဆင့်မြင့် ခန်းဆီး၊ လိုက်ကာ
၉၄၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၆၁၀၈၊ ၂၉၉၇၆၀

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။

ဗိုလ်မှူးအောင်ကျော်လင်း (ငြိမ်း)
စစ်တက္ကသိုလ်အပတ်စဉ်(၂၈)
ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း
အသက်(၄၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၉ လမ်း၊ အမှတ် ၃၁ နေ (ဦးတင်ဦး၊ လ/ထတိုင်းဦးစီးမှူး၊သစ်တော)-ဒေါ်ခင်အေးတို့၏သား၊ သထုံမြို့နေ ဦးခွန်သန်းဖေ-ဒေါ်နန်းသန်းသန်းနွဲ့တို့၏သားသမက်၊ ဦးသိန်းဝင်း(ရေကြောင်းအင်ဂျင်နီယာ)-ဒေါ်ချိုစွမ်း (ကုန်သွယ်/လယ်ယာ)၊ ဦးဇော်ဝင်း(ကြေး/မြေ)-ဒေါ်ကြည်ကြည်ဆင့်၊ ဦးဝင်းမြင့်ဦး(ရေကြောင်းအင်ဂျင်နီယာ)-ဒေါ်ခင်စောလင်း၊ ဒေါ်ရီရီမြင့်(အထက-၂၊ ဗိုလ်တထောင်)၊ ဒေါ်တင်အေးကြည်(စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး)တို့၏မောင်၊ ဦးစိုးပိုင်-ဒေါ်ယဉ်နွယ်ချော၊ မခင်သီတာတို့၏အစ်ကို၊ ဒေါ်နန်းငွေငွေဝင်း၏ခင်ပွန်း၊ ဖူးစန္ဒီကျော်(အထက-၂၊ ဗဟန်း)၊ ပွင့်မဉ္ဇူကျော်(အမက-၁၊ ဗဟန်း)တို့၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေး၊ ဗိုလ်မှူးအောင်ကျော်လင်း(ငြိမ်း)သည် ၂၆-၅-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၅၀၊ ရွှေတောင်ကြား၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ၊ အခန်းအမှတ် ၉ နေအိမ်မှ မော်တော်ယာဉ်များ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးအောင်ကျော်လင်း (ငြိမ်း)သည် ၂၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ကြီးစောမင်း(ငြိမ်း)နှင့်ဝန်ထမ်းများ၊
မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံး၊မြစ်ကြီးနားမြို့။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါ်သင်းသင်းနိုင်၏မိခင် ဒေါ်မြသိမ်း(အုတ်ဖို)သည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခနှင့်ဆရာဆရာမများ၊
သတ္တဗေဒဌာန၊ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်။

ဦးသန်းဌေး (အိမ်မဲ)
တွဲဖက်ပါမောက္ခ(ငြိမ်း)
တိမွေးကုတက္ကသိုလ်(ရေဆင်း)
Finance Secretary (FREDA)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ ၅ လမ်း(မြောက်)၊ အမှတ် ၇၂ နေ (ဦးယုံကောင်း-ဒေါ်သိန်းမြ)တို့၏သား၊ (ဦးပွင့်-ဒေါ်အေးကျင်)တို့၏သားသမက်၊ ဒေါ်သိန်း၊ (ဦးအောင်သန့်)တို့၏တူသား၊ ဒေါ်မြသွင်(ကျောင်းအုပ်ဆရာမကြီး၊ အမက-၁၄၊ မရမ်းကုန်း)၏ခင်ပွန်း၊ဦးစိုးလွင်(ညွှန်မှူး၊ငြိမ်း၊မွေးကုဦးစီး)-ဒေါ်အေးအေးမြင့်၊ ဦးပါကြီး-နော်မူးရာစေး၊ ဦးပါလေး၊ ဒေါ်ညိုစိန် (အထက-၁၊ မရမ်းကုန်း)တို့၏အစ်ကို၊ မောင်မောင်သန့်(IT Manager,M.Y Associates Co.,Ltd.)-မဆွေဆွေသန့်၊ မောင်မင်းမင်းသန့်(Director, Naing Min Co., Ltd.)၊ မောင်ညီညီသန့်၊ မလဲ့လဲ့ဌေးတို့၏ဖခင်သည် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကြို့ကုန်းအရှေ့နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa.Sian Khan Hau (Dopmul)
အသက်(၆၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တွာလ်မူးရွာသူကြီး(Pu.Sel Za Hau-Pi Ciang Za Ciin)တို့၏ တတိယမြောက်သား၊အင်းစိန်အနောက်ကြို့ကုန်း၊ ရွက်လှလမ်းသွယ်(၃)၊ အမှတ် ၄၆၃ နေ Nu Ciin Lian Mang ၏ခင်ပွန်း၊ (Pu Kap Za Kham- Nu Naing NgaihCing)၊ (Pu Khup Gin Suan Pi Nuam Suan Cing) တို့၏ ညီ/မောင်၊ Rev & Dr. Kenneth Kham Go Mang၊ Mark Sel Khan Lin တို့၏ယောက်ဖ၊ Pa Hau Suan Dal၊ Nu Thang Man Cing၊ Nu Ciin Law Nuan- Pa Kai Lian Khup၊ Lia, Nian San Cing၊ Tang Khup En Thang၊ Nu Cing Lawn Niang- Pa Senaa၊ Lia Mang Khen Niang၊ Lia Lian Vung၊ Lia Lian Hau Cing တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၇-၅-၂၀၀၄ ရက်၌အထက်ပါနေအိမ်တွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [သတင်းကောင်းစုံအသင်းတော်၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ ဓမ္မာနွေလဘုရားကျောင်းရှေ့(ဆူးလေ)နှင့် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဘရိုဒင်(ခ)
ဦးမောင်မြင့် (ကျိုက်ထိုမြို့)
အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ ကအွစ္စမန်း(ခ)ဦးမောင်စိန်-ဒေါ်မတီတို့၏သား၊ ကျိုက်ထိုမြို့ အေဝမ်း အမှုန့်ကြိတ်စက်နှင့် တွင်ခုံနှင့်ရေလုပ်သားပစ္စည်းအရောင်းဆိုင် ဒေါ်အရှာ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်နေ (ဦးတင်မြင့်-ဒေါ်တင်ရီ) လူထုမဆလာစက်တို့၏ညီ၊လှိုင်မြို့နယ်နေ ဦးတင်ညွန့်-ဒေါ်တင်မေ၊ ဟာဂျီဦးလှမြင့် - (ဒေါ်လှလှမြင့်) ရွှေမြိုင်မဆလာစက်၊ ဟာဂျီဦးတင်လှိုင်-ဟာဂျီမ ဒေါ်တင်ရီ(ဆင်ရတနာ အမှုန့်ကြိတ်စက်၊ သဃ်န်းကျွန်း)၊ ဒေါ်အရှာ(ခ)မတင်ကြည်၊ ဦးစိုးဝင်း-ဒေါ်ချိုချိုမာ၊ ဦးတင်ညွန့်-ဒေါ်ခင်ဝင်း၊ ဟာဂျီဦးတင်ထွေး - ဟာဂျီမဒေါ်ထွေးရီ (ရွှေလှိုင်မဆလာဆက်၊ အင်းစိန်)တို့၏အစ်ကို၊ ဟာဂျီ ဦးလှမြင့်-ဒေါ်လှလှဝင်း(လူထုမဆလာစက်)တို့၏ဦးလေးသည် ၂၅-၅-၂၀၀၄ရက် မွန်းလွဲ ၁း၅၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မဂ်ရစ်နာမာဇ်အပြီးတွင် ကျိုက်ထို မူဆလင် ကဘာရ်စတန်၌ ဒါဖနာပြီးစီးပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပဲခူးအသင်း(ရန်ကုန်)
ဦးမောင်မောင်ခင်
မြို့နယ်အင်ဂျင်နီယာ၊ဆလက(ပဲခူး)
အသက်(၅၈)နှစ်

ပဲခူးမြို့၊ နန်းတော်ကုန်း ၁ လမ်း၊ အမှတ် ၄၉၄ နေ (ဦးခင်ပုား-ဒေါ်ရွှေရင်)တို့၏သား၊ (ချယ်ရီဧည့်ရိပ်သာ) ဒေါ်ထားထားနွယ်၏ခင်ပွန်းသည် ၂၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဗရကာဒ်အလီ(ခ)
ဒုရဲအုပ်ညီညီအောင်
အပတ်စဉ်(၂၂)၊လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံး
အသက်(၃၅)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ မြို့ဝမ်လမ်း၊ အိမ်အမှတ် ၁၅၀ နေ ဒုရဲအုပ်ဦးအောင်မြင့်-ဒေါ်ရီတို့၏ဒုတိယသား၊ အောင်ပန်းမြို့၊ ရပ်ကွက်(၂)နေ (ဦးစောချစ်ဦး)-ဒေါ်အမာတို့၏ သားသမက်၊ ကိုဝင်း-မရီရီမြင့် (ကားပစ္စည်း)တို့၏မောင်၊ ဒုတပ်ကြပ်ညီညီလွင်-မရီရီလွင်၊ မချောချော (စာရင်းစစ်)တို့၏ အစ်ကို၊ မစုးစုးမာ(ပြည်နယ်စီမံကိန်းရုံး၊ လားရှိုး)၏ခင်ပွန်း၊အောင်ဖြိုးလွင်၊သက်ထွန်းဦး၊ ဆိုဖီယာတို့၏ ဦးလေးသည် ၂၁-၅-၂၀၀၄ရက် နံနက် ၉း၅၀နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူပါသဖြင့် ယင်းနေ့ညနေ အစွာနမာတ်အပြီးတွင် လားရှိုး ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးချစ်ခိုင် (ပဲခူး)
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၈၀)

ပဲခူးမြို့၊အုန်းပင်တန်းရပ်နေ(ဦးမောင်မောင်-ဒေါ်နှင်းညွန့်)တို့၏သား၊(ဦးချစ်လှိုင်-ဒေါ်ကြည်)တို့၏ညီ၊ (ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ငြိမ်း)-ဒေါ်လေးတင်၊ ဦးထွန်းရီ-(ဒေါ်စိုးကြည်)၊ (ဒေါ်စန်းလှ)၊ (ဦးသန်းထွန်း)တို့၏အစ်ကို၊ ဦးနွယ်နီအုံး-ဒေါ်ရီရီခိုင်၊ ဦးဇော်ဘင်ခိုင်-ဒေါ်သဇင်ကျော်၊ Dr. ပတ်ထရင်၊ ဗိုလ်မှူးညီဝင်းခိုင်-ဒေါ်ချိုမာခိုင်၊ မမိမိခိုင်တို့၏ ဖခင်၊ ဒီဘိုးရာခိုင်၏အဘိုး၊ [ဒေါ်ဘီရို့(စ်)]၏ခင်ပွန်းသည် ၂၇-၅-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်မြမှီ
အသက်(၈၀)

အမှတ် ၆၀၊ ဗားဂရာလမ်း၊ ကြည့်မြင်တိုင်နေ (ဒေါက်တာဦးဉာဏ်စိုး)၏ဇနီး၊ ဒေါ်ဖြူဖြူစိုး၊ ဒေါက်တာခင်ဝင်းဝင်းစိုး၊ ဦးဉာဏ်ထင်စိုး၊ ဦးဉာဏ်လွင်စိုးတို့၏မိခင်သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၅-၂၀၀၄ရက်(စနေနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ ဆုတောင်း၍ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့် (ခရမ်း)
အထက(၁)ခရမ်း၊အထက(၁)လှိုင်
အထက(၃)ကြည့်မြင်တိုင်၊
အထက(၁)မြောက်ဥက္ကလာ
အသက်(၇၈)နှစ်

ခရမ်းမြို့၊ စနေလမ်းနေ (ဦးလှဖေ-ဒေါ်လှကြည်)တို့၏သမီး၊ဦးအောင်သန်း-(ဒေါ်ခင်နီ)၊ (ဦးအောင်တင်-ဒေါ်ခင်သီ)တို့၏အစ်မ၊ ခ/၁၉၁၊ မြရတနာ ၆လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးထွန်းခင်၊ ကျောင်းဆရာ၊ ငြိမ်း)၏ဇနီး၊ ဒေါ်ချိုချိုဝင်း (မနောမယ ကျောက်မျက်ရတနာကုမ္ပဏီ)၊ဒေါ်အေးအေးသန်း (မြောက်ဥက္ကလာပ စာရင်းရုံး)တို့၏မိခင်သည် ၂၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း မယ်တော်ကြီး
ဒေါ်ခင်နု (စစ်တွေ)
အသက်(၇၆)နှစ်

ဥုးကောဏ္ဍည၊ ဥုးသောဘိတာလင်္ကာရ (သာမဏေကျော်၊ သာသနဓဇမ္မာစရိယ၊ဝိနယဝိဒူ၊အင်္ဂုတ္တရနိကာယဝိဒူ၊ ဝိနယဓရ၊ ဉာတောဝိဘင်္ဂကောဝိဒ) မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်တို့၏ရဟန်းမယ်တော်၊ စစ်တွေမြို့နေ အခွန်ဝန်(ဦးစံလှ-ဒေါ်စံဝင်းဖြူ)တို့၏သမီး၊ ပဲခူးမြို့၊ ၁၉၁၊ ဘုရင့်နောင်လမ်း၊ ဥသာမြို့သစ်နေ (ဦးကျော်ထွန်း)၏ ဇနီး၊ ဒေါက်တာသိင်္ဂီထွန်း (Mediciue Du Monde)၊ ဒေါက်တာညိုညိုထွန်း (CDRT Project UNDP၊ ကျောက်တော်)တို့၏မိခင်၊ (ဒေါ်သိန်းဦး)၊ (ဗိုလ်မှူးကြီးထွန်းအောင်ကျော်)၊ (ဦးအေးထွန်း)၊ (ဦးသာလှ)၊ (ဦးသာမြ)၊ (ဦးစောရွှေ)၊(ဦးကျော်သာ)တို့၏ညီမ၊(ဒေါက်တာမဲအောင်)၊ဒေါ်ခင်ဖြူတို့၏အစ်မ၊မဖြူဖြူ၏အဘွားသည် ၂၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှ
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ရန်ပြေ(၇)လမ်းနေ (ဦးဝင်း-ဒေါ်သောင်းတင်)တို့၏သမီး၊ ဦးကျော်လေး၏ဇနီး၊ (ကိုနေလင်း)-မစန္ဒာ၊ မစန်းစန်းနု၊ ကိုအောင်ဟိန်း-မသီတာ၊ ကိုနိုင်လင်း၊ အမှတ် ၁၉၃/က၊ အနော်ရထာလမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကိုမြအေး-မအေးအေးသန့်၊ မဆွေဆွေထိုက်၊ကိုရာကွတ်-မမိုးမိုးဆန်းတို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ရေဝတမဟာထေရ် (ထားဝယ်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်မြို့၊ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တရေဝတမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၅ ရက် (၂၃-၅-၂၀၀၄ရက်)တနင်္ဂနွေနေ့ နံနက် ၄း၀၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍(၃၀-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် ဇေယျာသုခကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များ ဇေယျာသုခကျောင်းတိုက်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာဒါယိကာမများ။

ဘုရားဒါယကာကြီး
ဆရာကြီး ဦးမြင့်စိန်
(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)
အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ(ဦးအုန်းဘ-ဒေါ်မြစိန်)တို့၏သား၊ (ဦးဟိန်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ ဦးကံညွန့်-(ဒေါ်ခင်ကြည်)၊ (ဦးချစ်လှ)-ဒေါ်ခင်မြိုင်၊ ဦးကျော်စိုးလွင်-(ဒေါ်လှကြည်)-ဒေါ်ကျင်စန်း၊ (ဦးကျော်ဇင်)-ဒေါ်ခင်ခင်နုတို့၏ညီ/မောင်၊ ဦးကျော်လှိုင်-ဒေါ်ခင်ခင်လေး၊ ဦးကုမာရ(ခ)ကျော်ဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ပတ္တမြားလမ်း၊အမှတ် ၅၀ နေ ဒေါ်သန်းသန်းကြူ၏ခင်ပွန်း၊ ဗိုလ်ကြီးရဲမြင့်လွင့် (တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်နွဲ့ယဉ်မြင့်၊မဖြူဖြူမြင့်၊ မခိုင်ယဉ်မြင့်၊ မဆုယဉ်မြင့်(ကမ္ဘောဇဘဏ်ရုံးချုပ်)တို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂၆-၅-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းဌေး (အိမ်မဲ)
တွဲဖက်ပါမောက္ခ(ငြိမ်း)
တိမွေးကုတက္ကသိုလ်(ရေဆင်း)
Finance Secretary (FREDA)
အသက်(၆၄)နှစ်

အိမ်မဲမြို့ ဒေါ်ရွှေမှင်ခလေးဆေးတိုက်နှင့် ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းနေ (ဦးယုံကောင်း-ဒေါ်သိန်းမြ)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့နေ ဒေါ်မြသွင်၏ခင်ပွန်း၊ ဦးတင်ထွတ်၊ ဦးဟန်ရီ၊ ဦးကျော်မင်းတို့၏ညီ၊ ဒေါက်တာသန်းဇော်၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်ခင်ခင်လေး၊ ဒေါ်ခင်ခင်ဌေးတို့၏အစ်ကိုသည် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကြို့ကုန်းအရှေ့ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဒေါက်တာဒေါ်ခင်လေးတင့်
(ကြေးမုံအထူးကုဆေးတိုက်)
အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် ၁၀/၃၂၊ လမ်းမတော်လမ်း၊ လသာမြို့နယ်နေ ဦးဆန်းနား-ဒေါ်ဘိရောက်(ခ)ဒေါ်သန်းတို့၏သမီးကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်း၊ ၃၄ x ၃၅ လမ်းကြား၊ အမှတ် ၆၈/ခ နေ (ဒေါက်တာလှအောင်)၏ဇနီး၊ (ဦးဖိုးကျား)-ဒေါ်စောကြူ၊ ဦးမြိုင်ခင်-ဒေါ်သန်းသန်းမြင့်၊ ဦးတင်ထွန်း-ဒေါ်လဲ့လဲ့၊ ဦးကြင်စိန်-ဒေါ်သန်းသန်းညွန့်၊ ဦးတင်အောင်-ဒေါ်စန်းစန်းမေ၊ (ဦးကောက်ကောက်)-ဒေါ်လင်းလင်း၊ ဦးဝင်းကြိုင်-ဒေါက်တာခင်လေးသန်း၊ မဌေးဌေးသန်း၊ မရီရီခိုင်တို့၏အစ်မကြီး၊ (ကိုဝင်း၊ ကိုကိုအောင်-မနန်းခင်မေ) (ကြေးမုံအော့ဖ်ဆက်)၊ ကိုသူရိန်ဝင်း-မဝင်းစန္ဒာအောင် (Pacific သောက်ရေသန့်)၊ မဝင်းဥမ္မာအောင် (B.P.M.S)တို့၏မိခင်၊ (မခိုင်ဇင်သွယ်)၊ (မောင်စွမ်းထက်ဝင်း)၊ (မအင်ကြင်းဖြူ)တို့၏အဘွား၊ တူ တူမ ၂၁ ယောက်တို့၏ကြီးတော်သည် ၂၀-၅-၂၀၀၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကြာနီကန်ကွမ်းတုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးကုမုဒ
ဦးကျော်ဆန်း
(ဒါရိုက်တာ၊စာရေးဆရာ)
သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃)ဝါ

အမှတ် ၂၃၈/ခ၊ ၅ လမ်း၊ မြင်သာ(၁၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးတင်အေး-ဒေါ်သန်းရင်)တို့၏သားကြီး၊ ဦးမောင်မောင်တင်-ဒေါ်ရီရီသန်း၊ ဦးမြင့်အေး-ဒေါ်သစ်သစ်စန်း၊ (ဦးဝေလွင်)-ဒေါ်ခင်ခင်ညွန့်၊ ဦးဇော်ဇော်-ဒေါ်နီနီ၊ ဦးဝင်းနိုင်ဗိုလ်၊ ဦးဝင်းခိုင်ချို၊ (ဦးကျော်ကျော်စိုး)၊ (ဦးမျိုးဝင်း)-ဒေါ်အေးအေးစန်းတို့၏အစ်ကိုကြီးသည် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅ နာရီတွင် ဒလမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၂၉-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဒလဆေးရုံမှသပြေကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပျဉ်းမနားမြို့နယ်အသင်း
ဒေါ်တင်တင်
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၇၁၂/က၊ ၃ လမ်း၊ အပိုင်း(၅)၊ ငမိုးရိပ်ရပ်ကွက်နေ ဦးမြင့်အောင်(မြို့/ဂျ၊ စိုက်ပျိုးရေး၊ ငြိမ်း)၏ဇနီးသည် ၂၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်စိန်မြင့်
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊အမှတ် ၈၀၆၊ကုန်းဘောင်လမ်းနေ(ဦးမောင်စံ-ဒေါ်အုန်းစိန်)တို့၏သမီး၊ (ဦးမောင်ထွန်း)-ဒေါ်ကျင်တို့၏သမီးချွေးမ၊ ဦးမြင့်လွင် (စွမ်းအားဘလောက်တိုက်)၏ဇနီး၊ ကိုသန့်ဇင် (မိုးစံပယ်ဘလောက်တိုက်)-မဝါဝါလွင်၊ ကိုအေးသိုက်-မချိုချိုလွင်၊ မညီညီလွင်တို့၏မိခင်၊ မောင်အောင်ထက်သူ၊ မောင်သော်ထက်တို့၏ အဘွားသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်သန့်ဇင်ထွန်း
အသက်(၃၅)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း၊ ရွာသစ် ၃ လမ်း၊ အမှတ် ၇၄၅ နေ ဦးစိုးမြင့်-(ဒေါ်တင်တင်ဌေး)တို့၏သား၊ဦးလှဝင်း(ခရိုင်ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီး၊ မော်လမြိုင်)-ဒေါ်ဌေးဌေးဝင်း၊ ဦးနေဝင်းဦး-ဒေါ်လှိုင်လှိုင်မော်၊ဦးနေဝင်းထွန်း-ဒေါ်ခင်စောဦး(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ညီ/မောင်၊ ဦးမိုးဇော်ထွန်း-ဒေါ်မြမြထွေးတို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၂၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

အမျိုးသားညီလာခံဂုဏ်ပြုလှူဒါန်းပွဲ ညောင်နှစ်ပင်စခန်း၌ကျင်းပ အလှူရှင်အသီးသီးက အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ရန်ကုန် မေ ၂၇

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ညီလာခံကိုယ်စားလှယ်များ အမျိုးသားအဆောင် ညှိနှိုင်းခန်းမ၌ကျင်းပရာ စာမျက်နှာ ၉ ကော်လံ ၁ ❐

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် နဘူးလယ်ဒေသမှ တောင်သူလယ်သမား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမောင်လွင်နှင့် ကျေးရွာအုပ်စုငါးစုမှ တောင်သူလယ်သမားများလှူဒါန်းသော ငွေကျပ် ၃၀၀၀၀၀ကို လက်ခံယူစဉ်။ (သတင်းစဉ်)

သာသနာ့ဘောင်မှာ ပျော်မွေ့နေကြသော ကိုရင်လေး ငါးပါးသည် ဓမ္မအမွေကို လက်ဆင့်ကမ်းမည့်သူများအဖြစ် အားရဖွယ်တွေ့ရသည်။ လက်ရာရှင်မှာ မျိုးမြင့်အောင် ဖြစ်သည်။

(ဓာတ်ပုံ-တက္ကသိုလ်ဟန်စိန်)

နိုင်ငံတကာပြိုင်ပွဲအတွက် မြန်မာ့ရိုးရာလက်ဝှေ့သမားများ လေ့ကျင့်လျက်ရှိ ဝမ်ချိုင်းနှင့် ညောင်တုန်းသား လုံးချောတို့ စိန်ခေါ်ပွဲ မြိတ်၌ယှဉ်ပြိုင်မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့နှင့် နိုင်ငံတကာ လက်ဝှေ့သမားများ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ လာမည့် ဇူလိုင်လတွင် ပြိုင်ပွဲတစ်ရပ် ကျင်းပရန် စီစဉ်လျက် စာမျက်နှာ ၁၃ ကော်လံ ၁ ■

အမေရိကန်လက်ဝှေ့သမား ဒတ်ချ်အီဗင်းကို အလဲထိုးအနိုင်ယူခဲ့သူ မြန်မာ့ရိုးရာလက်ဝှေ့သမား ဝမ်ချိုင်း ၎င်း၏နည်းပြဆရာ ဦးမင်းဦး(မြို့တော်စည်ပင်)နှင့် လက်သီးအမြန်ထိုးနည်း လေ့ကျင့်စဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့ကျော် လိုက်ဝယ်လ်တာ ဝိတ်တန်းမှ နိုင်းဝမ်းလေး(မြို့တော်စည်ပင်) လက်ဝှေ့ထိုး လေ့ကျင့်စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မိုးရိပ်မိုးငွေ့ မိုးစက်တို့နှင့်အတူ ဖူးပွင့်လာသော မိုးဦးပန်း ပန်းချီပြပွဲ မြန်မာမှုမြန်မာ့ရန့်တို့ဖြင့် သင်းပျံ့နေ

သတင်းဆောင်းပါး-မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-တက္ကသိုလ်ဟန်စိန်

ရန်ကုန် မေ ၂၇

မြန်မာ ၁၂လရာသီလများ၏ တတိယမြောက်လသည် နယုန်လဖြစ်သည်။ နယုန်လကား မိုးဖြိုင်ဖြိုင်ရွာသော မိုးတွင်းကာလမဟုတ်။ မိုးဖြိုင်ဖြိုင်ရွာသော ကာလမဟုတ်သည့်တိုင် မိုးသေးမိုးဖွဲတို့ စတင်ရွာစပြုသော ကာလဖြစ်သည်။ မြက်သားမွေးရန်အတွက်သာ မိုးရွာစပြုတတ်သဖြင့် နယုန်မိုးသေး မြက်သားမွေးဟူ၍ပင် မြန်မာတို့ ဆိုစမှတ်ပြုကြသည်။

သို့သော် ယခုနှစ်နယုန်လကား မုတ်သုံအဝင်စောသည်ထင့်။ မိုးဦးအကျစောခဲ့သည်။ မိုးဦးကျစ မိုးကြိုကာလမှာပင် မုန်တိုင်းမိုးကြောင့် လေရောမိုးပါ သဲသဲမဲမဲရွာသွန်းခဲ့သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ●

ယနေ့ထုတ်ခောင်ရေ ၂၀၀၉၈၂

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

စနေဂြိုဟ်၏ အဝေးအနီးပုံရိပ်များ



(ယာပုံ) များမှာ စနေဂြိုဟ် (စေတန်) ၏ အနီးနှင့်အဝေး ပုံရိပ်နှစ်ပုံကိုတွေ့ရပုံ ဖြစ်သည်။

အပေါ်မှ စနေဂြိုဟ်၏ ပုံရိပ်ကို နာဆာ၏ ကမ္ဘာပတ် ဟာဘယ် အာကာသ အဝေးကြည့်မှန်ပြောင်းမှ နေ၍ မတ် ၂၂ရက်က တွေ့ရပုံဖြစ်ပြီး၊ အောက်မှ စနေဂြိုဟ်၏ ပုံရိပ်ကို ကက်ဆီနီဟိုင်ဂျင်း အာကာသယာဉ်က မေ ၁၆ရက်၌ ကမ္ဘာမြေပြင်သို့ ပြန်ပို့လိုက်သောပုံဖြစ်သည်။ ထိုပုံနှစ်ပုံလုံးကို နာဆာက မေ ၂၆ ရက်၌ ထုတ်ပြန်ပေးခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

သံချောင်းများပေါ်၌ အိပ်ပြသူ

သံချောင်း အချောင်း ၁၀၀၀၀ စိုက်ထားသော ကြမ်းခင်းပေါ်တွင် အိန္ဒိယအကကို ကပြဖျော်ဖြေခြင်းဖြင့် ထင်ပေါ်ကျော်ကြားရန် ရည်ရွယ်ထားသည်။

သံချောင်းများစိုက်ထားသော ကြမ်းခင်းပေါ်တွင် အိပ်ပြနေသော အိန္ဒိယကျောင်းသူတစ်ဦးကို မေ ၂၆ ရက်က တွေ့ရပုံဖြစ်သည်။ **(အပေါ်ပုံ)(ဓာတ်ပုံ-အင်တာနက်)**